ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်၊ သောကြာနေ့၊ (5-1-2007) (၅၁၉၃)

၂၀၀၇ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ကိုယ်စား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က အခမ်းအနားသို့ တက်ရောက်လာကြသော နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့်ဇနီးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ဇနီးများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (အောက်ပုံ) (သတင်းစဉ်)

## အလေးအမြတ် မော်ကွန်းတင်ထားရမည်



မြန်မာ့လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ခဲ့ကြသည့် တိုင်းရင်းသားပြည်သူများ၏ ရင်နှစ်သည်းချာများ ဖြစ်ကြသော တပ်မတော်သားများ၊ နိုင်ငံ့ဝန်ထမ်းများနှင့်တကွ ပြည်ထောင်စုတိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာ ကြိုးပမ်းစွမ်းဆောင်မှုဖြင့် ရရှိခဲ့သော အောင်ပွဲများကို အလေးအမြတ် မော်ကွန်းတင်ထားရမည် ဖြစ်ပေသည်။

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ**
(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာမှ–

# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းဧည့်ခံသော ၂၀၀၇ ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားကျင်းပ



နေပြည်တော် ဇန်နဝါရီ ၄

**ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က တည်ခင်းဧည့်ခံသော ၂၀၀၇ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။**

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ကိုယ်စား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် ၂၀၀၇ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားကျင်းပသည့် နေပြည်တော်ရှိ မြို့တော်ခန်းမသို့ ညနေ ၆ နာရီခွဲတွင်ရောက်ရှိလာကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror
၅-၁-၂၀၀၇
(သောကြာနေ့)

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## အခြေခံအုတ်မြစ်များ ခိုင်ခိုင်မာမာစိုက်ထူ နိုင်ငံတော်တည်ဆောက်ရေးတွင် ပြည်သူများပူးပေါင်းပါဝင်

မြန်မာနိုင်ငံသည် ကိုလိုနီနယ်ချဲ့လက်အောက်မှ လွတ်မြောက်ရန်အတွက် ရဟန်းရှင်လူပြည်သူအပေါင်းတို့၏ အသက်၊ သွေးချွေးများစွာ ရင်းနှီးခဲ့ရပြီး လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သော လူမျိုးဘဝသို့ ပြန်လည်ရောက်ရှိလာခဲ့သည်မှာ (၅၉)နှစ်ပြည့်မြောက် ခဲ့ပြီဖြစ်သည်။

ယနေ့အချိန်အခါတွင် နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့၏ ပေါင်းစည်းညီညွတ်မှုအားဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကို ထူထောင်လျက်ရှိသည်။

မြန်မာ့လူ့အဖွဲ့အစည်း တစ်ရပ်လုံး အေးချမ်းတည်ငြိမ်ရေးနှင့် အမျိုးသားအင်အား တောင့်တင်းခိုင်မာရေးအတွက် တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများနှင့် ငြိမ်းချမ်းရေးကို အခိုင်အမာ တည်ဆောက်ခဲ့သည်။ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ ခု စီမံကိန်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲဖော်ဆောင်လျက်ရှိရာ ငြိမ်းချမ်းသာယာမှု၊ ဖွံ့ဖြိုးတိုးတက်မှုများ ပေါ်ထွန်းလျက်ရှိနေပြီဖြစ်သည်။

ထို့အပြင် နိုင်ငံတစ်ဝန်း၌ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးမွေးမြူရေး၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ အသီးသီးတွင် အခြေခံအဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိရာ တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝအဆင့်များလည်း မြင့်မားလာလျက်ရှိသည်။

တစ်ချိန်တည်းတွင် စက်မှုဖွံ့ဖြိုးရေး၊ လျှပ်စစ်စွမ်းအား တိုးမြှင့်ထုတ်လုပ်ရေး၊ ခေတ်မီဆက်သွယ်ရေး နည်းပညာများ အသုံးပြုရေး၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်ရေး၊ နိုင်ငံတကာ အဆင့်မီပညာရှင်များမွေးထုတ်ရေး၊ ကျန်းမာရေး စောင့်ရှောက်မှုမြင့်မားရေးလုပ်ငန်းများကို ကဏ္ဍအလိုက် ကြိုးပမ်းဖော်ဆောင်လျက်ရှိရာ အောင်မြင်မှုများ ရရှိနေပြီဖြစ်သည်။

နိုင်ငံတော် တစ်နံတစ်လျား ဒေသအလိုက်၊ ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးနှင့် အခြေခံအဆောက်အအုံများကို အကောင်အထည်ဖော်တည်ဆောက်နေခြင်းသည် အနာဂတ်ဒီမိုကရေစီ နိုင်ငံတော်အတွက် အခြေခံအုတ်မြစ်များ ခိုင်ခိုင်မာမာ စိုက်ထူနေခြင်းပင်ဖြစ်သည်။ သို့ဖြစ်၍ ငြိမ်းချမ်းသာယာ ပေါင်းစည်းညီညွတ်မှုနှင့် ချစ်ကြည်ရင်းနှီးမှုများ ဖြစ်တည်ထွန်းကားလျက်ရှိသော အခြေအနေကောင်း၊ အချိန်အခါကောင်းတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက နိုင်ငံတော်တည်ဆောက်ရေး၌ စွမ်းစွမ်းတမံ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သွားနိုင်ကြမည်ဟု ယုံကြည်ပါသည်။ ။




အိန္ဒိယနိုင်ငံ၊ မဇ္ဈိမဒေသ၊ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကွယ်လွန်သူ ဗိုလ်ကြီးသိန်းအောင်-ဒေါ်စောမမတို့အား ရည်စူး၍ ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၊ လှည်းတန်းလမ်းမနေ သမီးဒေါ်မြင့်မြင့်အောင်၊ သား၊ သမီး၊ မြေးတစ်စု (မစူးအပ်ချုပ်ဆိုင်နှင့် ချယ်မိတ္တူ၊ ကွန်ပျူတာ၊ ဖိတ်စာ)မိသားစုက အလှူတော်ငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်၊ မြေနီကုန်း၊ ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ၊ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ(M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။
(ကြေးမုံ)

# နေပြည်တော်ဟိုတယ်ဇုန်စီမံကိန်းရှိ ဟိုတယ်များဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် လိုက်လံကြည့်ရှုစစ်ဆေး မှာကြား

နေပြည်တော် ဇန်နဝါရီ ၄

**ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၃ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ဟိုတယ်ဇုန် စီမံကိန်းရှိ ဟိုတယ်များ ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ရွှေနန်းတော်ဟိုတယ်သို့ ရောက်ရှိကြရာ ဟိုတယ်စီမံကိန်း လုပ်ငန်းတာဝန်ခံက ဟိုတယ်ဖွင့်လှစ်ဆောင်ရွက်နေမှု၊ ဘန်ဂလိုများ ခန်းဖွဲ့တည်ရှိမှုနှင့် တည်ဆောက်ဆဲ အဆင့်မြင့်အဆောက်အအုံ လုပ်ငန်းရပ်များ အခြေအနေကို လိုက်လံရှင်းလင်းပြသပြီး ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက်ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် သင်္ဂဟဟိုတယ် စီမံကိန်းတွင် ဘန်ဂလိုများ ဖွင့်လှစ်ဆောင်ရွက်နေမှု၊ ပြုပြင်မွမ်းမံမှုနှင့် တည်ဆောက်ဆဲ လုပ်ငန်းရပ်များ အခြေအနေကိုလည်းကောင်း၊ မြတ်တော်ဝင်ဟိုတယ်ဖွင့်လှစ်ဆောင်ရွက်နေမှု၊ ဟိုတယ်အဆောက်အအုံများ အနေအထားနှင့် တည်ဆောက်ဆဲ စီမံကိန်း လုပ်ငန်းရပ်များ အခြေအနေကို လည်းကောင်း၊ တော်ဝင်ကုမုဒြာဟိုတယ်တွင် ဘန်ဂလိုအခန်းများ ဖွင့်လှစ် ဆောင်ရွက်နေမှုနှင့် ဆက်လက် ဆောင်ရွက်မည့် အစီအမံများကို လည်းကောင်း ဟိုတယ်စီမံကိန်း တစ်ခုချင်းအလိုက် ဝင်ရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းတာဝန်ခံများ၏ လိုက်လံရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

**ဖြည့်စွက်မှာကြား**

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဟိုတယ်ဇုန် တည်ဆောက်ရေးလုပ်ငန်းတစ်ခုဖြစ်သော အိုင်ဂျီအီးကုမ္ပဏီ၏ ဟိုတယ်အဆောက်အအုံများ ဆောက်လုပ်နေမှု၊ လမ်းများဖောက်လုပ်နေမှု အခြေအနေများကို လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှု စစ်ဆေးပြီး စီမံကိန်းလုပ်ငန်းရှင်းလင်းဆောင်တွင် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ပုံစံငယ်များဖြင့် ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ဟိုတယ်ဇုန်စီမံကိန်းများဖြစ်သော ရွှေမြန်မာဟိုတယ် လုံးချင်းအဆောက်အအုံများ ဖွဲ့စည်းတည်ရှိမှုနှင့် လက်ရှိဆောင်ရွက်ဆဲ လုပ်ငန်းအခြေအနေများကို လည်းကောင်း၊ ရွှေညော့်သည်ဟိုတယ် လုံးချင်းအဆောက်အအုံများ တည်ဆောက်ထားရှိမှု၊ ခန်းဖွဲ့တည်ရှိမှုနှင့် ဝန်းကျင်သာယာလှပရေး ဖန်တီးဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း ဟိုတယ်စီမံကိန်းအလိုက် လိုက်လံကြည့်ရှုစစ်ဆေးကြပြီး ဝန်ကြီးက တာဝန်ရှိသူများအားလုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်မှာကြားသည်။

နေပြည်တော်ဟိုတယ်ဇုန်သည်ကုမ္ပဏီများအလိုက် ဟိုတယ်စီမံကိန်းများကို ဆောင်ရွက်ရာတွင် ဟိုတယ်စီမံကိန်း ခုနစ်ခုအနက် ခြောက်ခုသည် ပထမအဆင့်ဟိုတယ်အဆောက်အအုံ ၇၁လုံး၊ အခန်း ၁၃၈ ခန်း ပြီးစီးနေပြီဖြစ်ပြီး ဒုတိယအဆင့်အဖြစ်ဟိုတယ်အဆောက်အအုံ လုပ်ငန်းရပ်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းသတင်းရရှိသည်။
(သတင်းစဉ်)



ပြင်သစ်နိုင်ငံပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ညောင်တန်းအိမ်ရာ၊ ကွယ်လွန်သူ ဒေါ်လှလှမြင့်အားရည်စူး၍ ခင်ပွန်းဖြစ်သူ ဦးဝင်းမြင့်၊ သားသမီးများဖြစ်ကြသော ဗိုလ်မှူးကြီးနေဝင်း-ဒေါ်ကြူကြူဝင်း၊ ဦးထွန်းထွန်းဝင်း-ဒေါ်ကေသီညွန့်၊ ဗိုလ်မှူးစိုးမြင့်ဦး-ဒေါ်စိမ်းလှဲ့ဝင်းနှင့် မြေးတစ်စုက ငွေကျပ်တစ်သိန်းကို စာရင်းစစ် ဦးစန်မင်းထံ ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

## သီတဂူ အရှင်ဒေဝိန္ဒာဘိဝံသ တရားပွဲ

**ရန်ကုန် ဇန်နဝါရီ ၄**

စစ်ကိုင်းတောင်ရိုး၊သီတဂူကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ်၊သာမဏေကျော်သကျသီဟ ဓမ္မာစရိယ အစိုးရဓမ္မာစရိယအရှင်ဒေဝိန္ဒာဘိဝံသ အရှင်သူမြတ်သည် ဇန်နဝါရီ ၁၀ ရက်တွင် ဖို့မြေဓမ္မာရုံ ရန်ကုန်၊ ၁၁ ရက်တွင် တိုက်ကြီးမြို့၊ ၁၂ ရက် ပြည်မြို့ သာသနာ့ဗိမာန်၊ ၁၄ ရက်တွင် အိမ်မဲမြို့၊ ဇလွန်ဆန်လှူ၊ ၁၅ ရက်တွင် အိမ်မဲမြို့၊ ၁၆ရက်တွင် အိမ်မဲမြို့၊ ၁၇ ရက်တွင် မြောက်ဥက္ကလာပ ရန်ကုန်၊ ၁၈ရက်တွင် မြောက်ဥက္ကလာပ ရန်ကုန်၊ ၁၉ရက်တွင်မင်္ဂလာဒုံတို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်သိရသည်။ **(က-ပ)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မင်္ဂလာလမ်းနေ ဦးအောင်သန်း-ဒေါ်မြင့်မြင့်သန်း သားသမီးမြေးတစ်စုတို့က ဒေါ်မြင့်မြင့်သန်း၏မွေးနေ့ အထိမ်းအမှတ် သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန် (ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။
(ဘိုးဘွားရိပ်သာ)




မန္တလေးမြို့၊ ၈၃X၈၄ကြား၊ ၂၃ လမ်းနေ၊ စိမ်းမြတ်မွန် ကျောက်စိမ်း၊ ကျောက်မျက်ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာဦးစိုးနိုင်-ဒေါ်ဝင်းဝင်းမြင့်၊ သမီးမမေသက်နိုင် မိသားစုက ဇန်နဝါရီ ၄ရက်တွင် ကျရောက်သော ဒေါ်ဝင်းဝင်းမြင့်၏ မွေးနေ့မင်္ဂလာအတွက် ရန်ကုန်ကလေးဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင်အလှူငွေကျပ်၁၀သိန်းပေးအပ်လှူဒါန်းစဉ်။(ကလေးဆေးရုံကြီး)



## ဗထူးတပ်မြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများအာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၄**

ဗထူးတပ်မြို့ အခြေခံပညာအထက်တန်းကျောင်း (ယခင်တပ်မတော်ကလေးများ အထက်တန်းကျောင်း) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်တွင် ရန်ကုန်မြို့၊ ဗဟန်းရေတာရှည်လမ်းဟောင်းရှိ ကမ္ဘောဇသာသနာ့ဗိမာန်၌ ကျင်းပမည်ဖြစ်ရာ ဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသူ၊ ကျောင်းသားဟောင်းများ တက်ရောက်ကြပါရန်နှင့် အလှူငွေထည့်ဝင်လိုသူများသည် ဦးဇော်မြင့်ဦး ၀၉၅၁-၅၁၅၉၀၊ ဦးစိုးဝဏ္ဏ ၀၁-၅၀၂၉၂၁၊ ဒေါ်သန်းသန်းနွဲ့ ၀၁-၅၁၀၅၉၅၊ ဒေါ်ခင်နီနီအောင် ၀၁-၅၄၁၉၀၀၊ ဒေါ်စိုးစိုးရီ ၀၉ ၅၀၁-၅၆၃၅၊ ဦးစိန်မောင် ၀၈၁-၄၀၂၈၇၊ ဦးကျော်စိန် ၀၈၁-၄၀၁၃၂၊ ဒေါ်စန်းစန်းရီ ၀၈၁-၄၀၀၈၇၊ ဦးမောင်မောင်စိန် ၀၈၁-၄၀၂၈၁၊ ရန်ကုန်ရုံး ၀၁-၂၄၆၂၈၃ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရှိရသည်။
(သတင်းစဉ်)

☆ ရှေ့ဖုံးမှ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်တို့နှင့်အတူ အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Hul Phany အမှူးပြုသော နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် ၎င်းတို့၏ ခင်ပွန်းနှင့်ဇနီးများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ၎င်းတို့၏ဇနီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

**တက်ရောက်**

အဆိုပါ ၂၀၀၇ ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ အစိုးရအဖွဲ့ရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး H.E. Mr. Hul Phany အမှူးပြုသော နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် ၎င်းတို့၏ခင်ပွန်းနှင့် ဇနီးများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ၎င်းတို့၏ဇနီးများ၊ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား ကျင်းပရေး ဆပ်ကော်မတီဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်ရုံးမှ ပြည်နယ်နှင့်တိုင်းဒေသညှိနှိုင်းရေးမှူးများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ဧည့်ခံဖျော်ဖြေ**

(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း တေးသံရှင်များက မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့် တွဲဖက်၍ တေးသီချင်းများဖြင့် ဧည့်ခံဖျော်ဖြေတင်ဆက်ကြသည်။ (သတင်းစဉ်)



၂၀၀၇ ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဧည့်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ကိုယ်စား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က အခမ်းအနားသို့ တက်ရောက်လာသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E Mr. Hul Phany အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

**(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ရက်က ရန်ကင်း အထက(၂)၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုအောင် ဖတ်ကြားစဉ်။** (၃၅)





## မုံရွာတံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၄**

မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူး၍ မုံရွာတံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ (Monywa Open Golf Championship 2007) ကို ဇန်နဝါရီ ၉ရက်မှ ၁၂ရက်အထိ စစ်ကိုင်းတိုင်း မုံရွာမြို့ရှိ မုံရွာဂေါက်ကလပ်၌ ကျင်းပမည်ဖြစ်သည်။

**ခွဲခြားကျင်းပမည်**

ပြိုင်ပွဲတွင် Professional Golfer's အဆင့်ပြိုင်ပွဲနှင့် အမျိုးသား အပျော်တမ်း(အကျောပေး ၀ မှ ၁၂) အဆင့်ဟူ၍ ခွဲခြားကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် Honda Myanmar Co., က အဓိကကူညီပံ့ပိုးမည်ဖြစ်ပြီး Co-Sponsors များအဖြစ် ရွှေမိုးသာကုမ္ပဏီ၊ ကုန်သည်ကြီးများအသင်း (မုံရွာ)နှင့် Srixon တို့ကလည်း ထပ်မံ၍ ပံ့ပိုးကူညီကြမည် ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်လိုသော ဂေါက်သီးရိုက် အားကစားသမားများသည် ဖုန်း–၀၇၁–၂၁၅၅၀သို့ အမည်စာရင်း ပေးသွင်းရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၅–၁–၂၀၀၇ (သောကြာနေ့)**

- ၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅ အရှင်ဓမ္မပါလဆုတောင်း တရားတော် (သီတဂူဆရာတော်) (အပိုင်း–၂)
- ၇:၅၅ Myanmar Video Rhythm
- ၈:၄၅ ပြည်တွင်းသတင်းအကျဉ်း
- ၈:၅၅ ပညာရေးဖြင့်ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်ဆီသို့ (လှိုင်လင်ခရိုင်)
- ၉:၀၅ တေးဂီတအစီအစဉ်
- ၉:၁၀ နယဉ်ဆန်းထွင် ပန်းအလှဆင်
- ၉:၃၀ တေးဂီတအစီအစဉ်
- ၉:၃၅ ကြိုတင်ကာကွယ်ပါ သွေးလွန်တုပ်ကွေးရောဂါ (ဒေါက်တာအေးကျော်)
- ၁၀:၀၀ တေးဂီတအစီအစဉ်
- ၁၀:၀၅ မနိုင်သောအရှုံး (ဟက်ကက်၊ ဇင်ရဲထက်၊ ခိုင်သင်းကြည်) (ဒါရိုက်တာ– အေဝမ်းမောင်လှမျိုး)
- ၁၀:၂၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀:၂၅ Music Talk (ဆုရည်)
- ၁၁:၀၅ မိုးလေဝသခန့်မှန်းချက်
- ၁၁:၁၀ အောင်မြေရွှေဘိုမြို့ (အပိုင်း–၂)
- ၁၁:၂၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၁:၃၅ မြေအောက်ကကြိုး (Live Show)
- ၁၁:၅၀ တေးဂီတအစီအစဉ်
- ၁၁:၅၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၂:၀၀ သဘာဝကပေးတဲ့ အကျိုးအာနိသင်
- ၁၂:၁၀ တေးဂီတအစီအစဉ်
- ၁၂:၁၅ သစ်သီးပင်မျိုးပွားနည်းများ
- ၁၂:၃၀ တေးဂီတအစီအစဉ်
- ၁၂:၃၅ လျှပ်စစ်ဓာတ်အားသုံးစွဲသူများသို့ အသိပေးချက်
- ၁:၀၀ MRTV-4 အပိတ် Logo

**အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိတစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

## စက်မှု(၁) ဈေးရောင်းပွဲတော်များ ဆက်လက်ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၄**

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဈေးရောင်းပွဲတော်များကို ပုဂံ–ညောင်ဦးမြို့ အာနန္ဒာဘုရားပွဲ၌ ဇန်နဝါရီ ၇ ရက် အထိ လည်းကောင်း၊ ဟသ်ာတမြို့ ခရိုင်အားကစားကွင်း၌ ဇန်နဝါရီ ၆ ရက်အထိလည်းကောင်း၊ ထားဝယ်မြို့ မြို့နယ်အားကစားကွင်း၌ ဇန်နဝါရီ ၇ ရက်အထိလည်းကောင်း၊ တောင်ငူမြို့ မိုင်ဒါအားကစားကွင်း၌ ဇန်နဝါရီ ၈ရက်အထိလည်းကောင်း၊ မော်လမြိုင်မြို့ မိုင်ဒါအားကစားကွင်း၌ ဇန်နဝါရီ ၁၀ ရက်အထိ လည်းကောင်း နေ့စဉ် နံနက် ၈နာရီမှ ည ၈နာရီအထိ ဆက်လက်ဖွင့်လှစ်ပြသ ရောင်းချလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





**သန်လျင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ကြီးမှူးကျင်းပသော (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲ ဆုပေးပွဲကို ဇန်နဝါရီ ၄ရက်က မြို့နယ် အသင်းခန်းမ၌ ကျင်းပရာ ဆုရရှိသော ရင်သွေးငယ်များအား ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းမြင့် ဆုချီးမြှင့်စဉ်။** (၅၂၇)




## သဝဏ်လွှာဖတ်ကြား

**(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း)၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလှိုင် ဖတ်ကြားစဉ်။** (က–ပ)

**မီးသုံးစွဲလျှင် အသိယှဉ် ဆင်ခြင်သတိ အမြဲရှိ**



မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ပြုလုပ်သည့် ကုန်စည်ပြပွဲတွင် သစ်သီးခြောက်များနှင့် ဟင်းခတ်အမွေးအကြိုင်များအား ပြသထားသည်ကို ဇန်နဝါရီ ၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

# လူလာဒါဆေးလ်ဗား ဘရာဇီးသမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆို

**ဘရာစီလီယာ ဇန်နဝါရီ ၄**

ဘရာဇီးနိုင်ငံတွင် လူဝီစီအင်နာစီယို လူလာဒါဆေးလ်ဗားသည် ဒုတိယအကြိမ် သမ္မတရာထူး သက်တမ်းအတွက် ဇန်နဝါရီ ၁ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုသည်။

၎င်းသည် အောက်တိုဘာ ၂၉ ရက်ကသမ္မတအဖြစ် ထပ်မံ ရွေးချယ်တင်မြှောက်ခံခဲ့ရသည်။

**ရွေးချယ်ခံ**

လူလာသည် ၁၉၈၀ ပြည့်နှစ်တွင် လက်ဝဲယိမ်းပီတီပါတီကို ထူထောင်ခဲ့ပြီး ၁၉၈၆ ခုနှစ်တွင် အောက်လွှတ်တော် အမတ်အဖြစ် ရွေးချယ်ခံခဲ့ရသည်။

**တာဝန်ထမ်း**

လူလာသည် ၂၀၀၂ ခုနှစ် အောက်တိုဘာလတွင် သမ္မတအဖြစ် ပထမဆုံးအကြိမ် ရွေးချယ်တင်မြှောက်ခံခဲ့ရပြီး ၂၀၀၃ ခုနှစ် ဇန်နဝါရီလတွင် သမ္မတရာထူးတာဝန်၌ စတင်တာဝန်ထမ်းရွက်ခဲ့သည်။

၂၀၀၆ ခုနှစ် အောက်တိုဘာလတွင် ကျင်းပသော ရွေးကောက်ပွဲတွင် ဒုတိယအကြိမ် သမ္မတ ရာထူးသက်တမ်းအတွက် ထောက်ခံမဲ ၆၀ ဒသမ ၈ ရာခိုင်နှုန်းဖြင့် ၎င်းအား ပြည်သူများက ရွေးချယ်ခဲ့ကြသည်။

လူလာသည် ၂၀၀၇ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ သမ္မတရာထူးတွင် တာဝန် ထမ်းဆောင်ရမည်ဖြစ်သည်။ လူလာကို ၁၉၄၅ ခုနှစ်တွင် ဘရာဇီးနိုင်ငံ ပါနမ်ဘူကိုပြည်နယ်တွင် မွေးဖွားခဲ့ပြီးနောက် ဆာပေါလိုပြည်နယ်သို့ ၎င်း၏မိသားစု ပြောင်းရွှေ့ခဲ့သည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

# တရုတ်ကျေးလက်ဒေသများတွင် စာကြည့်တိုက်နှစ်သိန်း ဖွင့်လှစ်မည်

**ပေကျင်း ဇန်နဝါရီ ၄**

တရုတ်နိုင်ငံတွင် မြို့ပြနှင့်ကျေးလက်ကွာဟချက် ကျဉ်းမြောင်းသွားစေရန် လည်းကောင်း၊ လယ်သမားများကြွယ်ဝမှု အထောက်အကူပြုနိုင်ရေးအတွက် လည်းကောင်း ရည်ရွယ်၍ ၂၀၁၀ ပြည့်နှစ်တွင် ပြည်တွင်း၌ ကျေးလက် စာကြည့်တိုက်ပေါင်း ၂၀၀,၀၀၀ ကို တည်ထောင်သွားရန် စီစဉ်လျက်ရှိသည်။

**ချမှတ်**

ကျေးလက်လယ်သမားများအနေဖြင့် စာကောင်းပေမွန်များ ဖတ်ရှုနိုင်ရန် ယခု အစီအစဉ်ကို ချမှတ်ရခြင်း ဖြစ်ကြောင်း လောင်ဇီမင်က ပြောကြားသည်။ ၎င်းသည် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေး စီမံခန့်ခွဲရေးဌာန၏ အကြီးအကဲဖြစ်သည်။

**စီစဉ်ထား**

ကျေးလက် စာကြည့်တိုက်များကို တည်ထောင်ရာတွင် စာကြည့်တိုက်တစ်ခုလျှင် အနည်းဆုံး စာအုပ်ပေါင်း ၁၀၀၀၊ သတင်းစာနှင့် စာစောင်ပေါင်း ၃၀ ကိုထားရှိပေးရန် စီစဉ်ထားသည်။ ထို့အပြင် လယ်သမားများအတွက် အကျိုးရှိစေနိုင်သည့် ရုပ်မြင်သံကြား၊ ရေဒီယိုကက်ဆက်စသည်များကိုလည်း ထားရှိပေးမည် ဖြစ်ကြောင်း သိရသည်။

**တည်ထောင်**

အစိုးရ၏ ရန်ပုံငွေ၊ လူမှုအဖွဲ့အစည်းများ၏ လှူဒါန်းငွေများဖြင့် ကျေးရွာစာကြည့်တိုက်ကို တည်ထောင်မည် ဖြစ်သော်လည်း ယင်းစာကြည့်တိုက်များ၏ အုပ်ချုပ်မှုအပိုင်းကို တောင်သူလယ်သမားများ ကိုယ်တိုင်ဆောင်ရွက်သွားရမည်ဖြစ်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

# မီးပုံးပျံပေါ်တွင် မင်္ဂလာပွဲဆင်နွှဲ

**ဂျေပူရ် ဇန်နဝါရီ ၄**

အိန္ဒိယနိုင်ငံတွင် စုံတွဲတစ်တွဲသည် ၎င်းတို့၏မင်္ဂလာပွဲကို မီးပုံးပျံပေါ်၌ ဟိန္ဒူဓလေ့ထုံးတမ်းနှင့်အညီ ကျင်းပခဲ့ကြောင်း၊ ၎င်းတို့သည် အိန္ဒိယနိုင်ငံ၌ မီးပုံးပျံအတွင်း မင်္ဂလာဆောင်သော ပထမဆုံး ဇနီးမောင်နှံဖြစ်ကြောင်း ပီတီအိုင်သတင်းတွင်ဖော်ပြသည်။

ထိုဇနီးမောင်နှံမှာ စူနေးနှင့်ဗန်ဒါနာ ရှားမားတို့ဖြစ်သည်။ ၎င်းတို့၏ မင်္ဂလာပွဲကို ဒီဇင်ဘာ ၃၀ ရက်က ကျင်းပရာ လူထောင်ပေါင်းများစွာ တက်ရောက်ကြောင်းသိရသည်။

သတို့သားနှင့်သတို့သမီး နှစ်ဦးစလုံးအသက် ၂၂ နှစ်ရှိသည်။ အမျိုးသမီးမှာ ဘဏ်သူဌေးတစ်ဦးဖြစ်ပြီး အမျိုးသားမှာ နည်းပြဆရာတစ်ဦးဖြစ်သည်။ ၎င်းတို့၏ မင်္ဂလာပွဲအား ထူးခြားသောအဖြစ်အပျက်များကို မှတ်တမ်းတင်သည့် လမ်ကာမှတ်တမ်းစာအုပ်တွင် ဖော်ပြနိုင်ရန် ကြိုးပမ်းခြင်းဖြစ်သည်။

***အမ်အင်အေ၊ ပီတီအိုင်။***



ပြင်သစ်နိုင်ငံ ပါရီမြို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ အကြမ်းဖက်မှု နှိမ်နင်းရေး လေ့ကျင့်နေသည်ကို ဇန်နဝါရီ ၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# ငြိမ်းချမ်းရေးဆွေးနွေးရန် သီရိလင်္ကာသမ္မတလိုလား

**ကိုလံဘို ဇန်နဝါရီ ၄**

သီရိလင်္ကာတမီးလ်ကျားသူပုန်အဖွဲ့ တိုက်ခိုက်ရေးသမားများနှင့် ညှိနှိုင်းဆွေးနွေးရေးလုပ်ငန်းစဉ်ကို ဆက်လက်ကိုင်စွဲထားကြောင်း သီရိလင်္ကာသမ္မတရာဂျာပတ်ဆေးက ဒီဇင်ဘာ ၃၁ ရက်တွင် ပြောကြားသည်။

တမီးလ်ကျားတိုက်ခိုက်ရေးသမားများနှင့် ငြိမ်းချမ်းရေး စေ့စပ်ဆွေးနွေးရေးလုပ်ငန်းစဉ်ကို အစိုးရကချမှတ်ခဲ့ပြီး ဆက်လက်ဆွေးနွေးမည်ဟု ၎င်းက ပြောကြားသည်။

တမီးလ်လွတ်မြောက်ရေးကျား တိုက်ခိုက်ရေးသမားများနှင့် တိုက်ရိုက်ညှိနှိုင်းသည့် အစီအစဉ်ကို ၂၀၀၂ ခုနှစ်က စတင်ခဲ့ပြီး ယခုအခါ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ပျက်ပြားပြီး ဆွေးနွေးပွဲရပ်ဆိုင်းခဲ့ရသည်။

သီရိလင်္ကာသမ္မတက တိုက်ခိုက်ရေးသမားများနှင့် နှစ်ကြိမ် ဆွေးနွေးခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ပေ။ ***အမ်အင်အေ၊ ဆင်ဟွာ။***

# နီပေါတွင် နှစ် ၂၀ အတွင်း ကြံ့သတ္တဝါ မျိုးသုဉ်းပျောက်ကွယ်နိုင်

**ခတ္တမန္ဒူ ဇန်နဝါရီ ၄**

ယခုလက်ရှိ နှုန်းအတိုင်းကြံ့များကို ဥပဒေမဲ့ ဖမ်းဆီးသတ်ဖြတ်နေပါက နီပေါနိုင်ငံရှိ တောများအတွင်း ၁၀နှစ်မှ နှစ် ၂၀အတွင်း ကြံ့များ ကျန်ရှိတော့မည် မဟုတ်ကြောင်း ဟိမဝန္တာတိုင်းမ် သတင်းစာက တနင်္လာနေ့တွင် ရေးသားသည်။ ၂၀၀၆ခုနှစ်အတွင်း သတ်ဖြတ်ခံရသည့် ကြံ့ကောင်ရေ ၄၇ ကောင်ရှိသည်။ ကြံ့များကို ဆက်လက်ဖမ်းဆီးသတ်ဖြတ်နေပါက ကြံ့မျိုးသုဉ်းနိုင်ကြောင်း တောရိုင်းတိရစ္ဆာန်စောင့်ကြည့်ရေး အုပ်စု၏ဥက္ကဋ္ဌ မင်ဂယ်မန်ရှာကျာကို ကိုးကား၍ သတင်းစာက ဖော်ပြသည်။ ၂၀၀၆ခုနှစ်အတွင်း ကြံ့ ၂၉ကောင်မှ ၄၇ကောင်အထိ ခိုးဖမ်းခံရကြောင်း သို့မဟုတ် အသတ်ခံရကြောင်း သတင်းများအရ သိရသည်။

နီပေါနိုင်ငံတွင် ၁၉၅၀ ပြည့် နှစ်အထိ ကြံ့ကောင်ရေ ၈၀၀ ရှိခဲ့သည်။ သို့ရာတွင် ၁၉၆၀ပြည့်နှစ်တွင် ကြံ့ကောင်ရေ ၆၀ အထိ လျော့ကျခဲ့သည်။ နီပေါအစိုးရ၏ ထိန်းသိမ်းစောင့်ရှောက်မှုနှင့် နိုင်ငံတကာ အကူအညီပေးမှုဖြင့် ၂၀၀၀ ပြည့်နှစ်တွင် ကြံ့ကောင်ရေ တိုးပွားလာခဲ့သည်။

နီပေါနိုင်ငံတွင် ၂၀၀၀ပြည့်နှစ်တွင် ကြံ့ကောင်ရေ ၅၄၄ ကောင် ရှိခဲ့သော်လည်း ၂၀၀၅ ခုနှစ်တွင် ၃၇၂ ကောင်သာကျန်တော့သည်ဟု သိရှိရသည်။

ကြံ့ဦးချိုတစ်ကီလို၏ ဈေးနှုန်းသည် ရူပီးငွေ ၃ ဒသမ ၅ သန်း (ဒေါ်လာ ၅၀၀၀၀) အထိ နိုင်ငံတကာမှောင်ခိုဈေးကွက်တွင် ဈေးပေါက်သည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

# ဆွီဒင်၌ မုန်တိုင်း တိုက်ခတ်

**စတော့ဟုမ်း ဇန်နဝါရီ ၄**

ဆွီဒင်နိုင်ငံ အနောက်တောင်ပိုင်း၌ တနင်္လာနေ့တွင် မုန်တိုင်းတိုက်ခတ်ခဲ့ရာ ဒေသတွင်းရှိ အိမ်ထောင်စုပေါင်း ၃၃၀၀၀ မှာ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုနှင့် တွေ့ကြုံခဲ့ရကြောင်း၊ သို့သော် သေဆုံးသူနှင့် ဒဏ်ရာရရှိသူ မရှိကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

မုန်တိုင်းအရှိန်ကြောင့် အိမ်ခေါင်မိုးများပျက်စီးပြီး သစ်ပင်များ ပြိုလဲကုန်ကြောင်း၊ မုန်တိုင်းမှာ ဆွီဒင်နိုင်ငံတောင်ပိုင်းသို့ ဆက်လက်ရွေ့လျားသွားပြီး ညအချိန်တွင် အင်အားအပြင်းဆုံးအဆင့်သို့ ရောက်ရှိမည်ဟုခန့်မှန်းထားကြောင်း သတင်းဌာနက ဖော်ပြသည်။

အင်အားပြင်းထန်သည့် မုန်တိုင်းကျရောက်နိုင်ကြောင်း ပြည်တွင်းမိုးလေဝသဌာနများက သတိပေးချက် ထုတ်ပြန်ထားသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အနောက် အလယ်ပိုင်း မင်စွာခရိုင်တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးနေသော ကားတစ်စီးကို ဇန်နဝါရီ ၃ ရက်က တွေ့ရစဉ်

(ဓာတ်ပုံ-အင်တာနက်)







နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ၂၀၀၇ ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ရန်ကုန်တိုင်း ၂၀၀၇ ခုနှစ် (၅၉) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း ဖတ်ကြားစဉ်။
(သတင်းစဉ်)

# ရန်ကုန်တိုင်း (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပ

ရန်ကုန် ဇန်နဝါရီ ၄

**နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲလက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေးတည်းဟူသော အမျိုးသားရေးဦးတည်ချက်လေးရပ်နှင့်အညီ အနှစ်သာရပြည့်ဝစွာ ကျင်းပသည့် ရန်ကုန်တိုင်း ၂၀၀၇ ခုနှစ် (၅၉)နှစ်မြောက်လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပသည်။**

ရှေးဦးစွာ နံနက် ၄နာရီ မိနစ် ၂၀ တွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် အလံတင်တပ်စုက ဦးဆောင်၍ နိုင်ငံတော်အလံကို လွှင့်တင်ကာ ရန်ကုန်တိုင်း ၂၀၀၇ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင် အခမ်းအနားကို ကျင်းပသည်။

## ဝင်ရောက်နေရာယူ

ယင်းနောက် ၂၀၀၇ခုနှစ် (၅၉) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်နှင့် မြို့နယ်များကို ကိုယ်စားပြုသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သူနာပြုများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ ပါဝင်သော ပြည်သူလူထု စုစုပေါင်း အင်အား ၁၀၀၀၀ ကျော် ပါဝင်သော စစ်ကြောင်း အသီးသီးတို့သည် နံနက် ၆နာရီတွင် စတင်၍ ပြည်သူ့ရင်ပြင်သို့ ဝင်ရောက်နေရာယူကြသည်။

## တက်ရောက်

ထို့အတူ အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ တိုင်း၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ–ကော်မတီဝင်များနှင့် ဌာနမှူးများ၊ ဝန်ကြီးဌာန အသီးသီးတို့မှ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီးများ၊ ဆေးရုံအုပ်ကြီးများ၊ တိုင်းနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မြို့နယ်ပညာရေးမှူးများ၊ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှုတက္ကသိုလ်မှ တိုင်းရင်းသား တိုင်းရင်းသူများ စုစုပေါင်း အင်အား ၃၀၀ ကျော်တို့လည်း တက်ရောက်ကြသည်။

ထို့နောက် နံနက် ၇ နာရီတွင် ရန်ကုန်တိုင်း ၂၀၀၇ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကို ကျင်းပရာ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဂုဏ်ပြုတပ်ဖွဲ့က ပြည်သူ့လွှတ်တော် ဝင်း အတွင်းမှ ပြည်သူ့ရင်ပြင်သို့ ချီတက်၍ သက်မှတ်ထားသည့်နေရာ၌ နေရာယူကြသည်။

## ရောက်ရှိ

ဆက်လက်၍ ရန်ကုန်တိုင်း (၅၉) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနား ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း ရောက်ရှိလာကာ ပြည်သူ့ရင်ပြင်ရှိ စင်မြင့်ပေါ်၌ နေရာယူသည်။

ထို့နောက် တိုင်းမှူးက ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်သူလူထုကြီးက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြရာ ဂုဏ်ပြုတပ်ဖွဲ့ တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

## အလေးပြု

ဆက်လက်၍ ဂုဏ်ပြုတပ်ဖွဲ့က ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်များအား အလေးပြု၍ သစ္စာအဓိဋ္ဌာန် လေးချက်ကို ရွတ်ဆိုကြသည်။

ယင်းနောက် ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို ရန်ကုန်တိုင်း (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက ဖတ်ကြားသည်။

ထို့နောက် တိုင်းမှူးအား ဂုဏ်ပြုတပ်ဖွဲ့က အလေးပြုပြီး ဂုဏ်ပြုတပ်ဖွဲ့နှင့် တီးဝိုင်းတပ်ဖွဲ့တို့သည် ပြည်သူ့ရင်ပြင်မှ ပြန်လည်ထွက်ခွာသွားသည်။

ယင်းနောက် တက်ရောက်လာကြသည့် စစ်ကြောင်း အသီးသီးတို့သည်လည်း ပြည်သူ့ရင်ပြင် အတွင်းမှ ပြန်လည်ထွက်ခွာကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)




## တစ်မျိုးသားလုံးရဲ့တာဝန်

* သူ့ကျွန်အဖြစ်၊ နှံနစ်ခဲ့ရ
မွဲပြာကျသည့်၊ ဘဝဆိုးညစ်
ဟိုတစ်ခေတ်က၊ မျိုးချစ်စိတ်သန်
ဇာတိမာန်နှင့်၊ မြန်မာ့ဟူဘိ
ကမ္ဘာသိအောင်၊ သတ္တိနှင့်ဖွဲ့
"ရဲရဲနီမြန်း၊ သမိုင်းမှတ်တမ်း၏"
ဆောင်းချမ်းမြမြ၊ နှင်းလွလွတွင်
မြန်မာ့လွတ်လပ်ရေး၊ ဇန်နဝါရီလေးရက်
အရဏ်တက်ချိန်၊ စိန်မှန်ကင်းအစစ်
ထင်းအဖြစ်မခံ၊ အောင်လံလွှင့်တင်
ရာဇဝင်မော်ကွန်း၊ ကမ္ပည်းထွန်းသည့်
ကျွန်းလက်ယာဗဟို၊ အောင်တေးဆိုခဲ့
ညီအစ်ကိုနောင်ရင်း၊ သွေးသားချင်းတွေ
"ပင်လုံမြေက၊ စ၍အရင်းတည်"
ချစ်ကြည်စည်းလုံး၊ ခရီးဆုံးအောင်
ပြည်ထောင်စုကြီး၊ အစဉ်သွေးစည်းမည်
မိဋ္ဌာန်ရည်၍၊ ဒို့ပြည်လွတ်လပ်ရေး
အသက်သွေးချွေးတို့၊ ပေးဆက်ရယူ
ပြည်သူတစ်ရပ်လုံး၊ ပျော်မဆုံးအောင်
အုန်းအုန်းခြိမ့်ညံ၊ အောင်ပွဲခံသော
"မြန်မာ့လွတ်လပ်ရေးနေ့"၊ ဖြစ်ပေသည်။

* ခက်ခက်ခဲခဲ၊ အသက်နှင့်လဲ၍
ယနေ့မြန်မာပြည်၊ ဖြစ်တည်ရှင်သန်
သမိုင်းနောက်ခံကို၊ ပြန်လှန်စဉ်းစား
မေ့မထားဖို့လည်း၊ လိုအပ်သည်။

* သွေးစည်းညီညွတ်၊ မြန်ပြည်လွတ်ဖို့
အထွတ်တမြတ်ထား၊ စုပေါင်းအားကို
ကြားလေသွေးမခံ၊ အဖျက်ရန်ဟူသမျှ
သတိရှိကြဖို့လည်း၊ လိုအပ်သည်။

* လွတ်လပ်ရေးသည်၊ မြန်မာပြည်၏
ဥပဓိရုပ်၊ အခိုင်အမာထုတ်ပြ
အချုပ်အခြာ၊ ပြည့်အာဏာကို
မြန်မာပြည်သူ၊ များဗိုလ်လူတို့
တန်းတူညီမျှ၊ ပိုင်ဆိုင်ကြ၏
ကမ္ဘာ့အလယ်မှာ၊ ဂုဏ်သိက္ခာနှင့်
မြန်မာဟူသမျှ၊ ဂုဏ်ယူကြဖို့
အစလည်း ကောင်း၊ အနှောင်းလည်းသေချာ
သိက္ခာလည်းရှိ၊ အမိမြန်မာပြည်
ကမ္ဘာတည်အောင်၊ ဒို့စွမ်းဆောင်လို့
"ညီနောင်စုဝေး၊ လွတ်လပ်ရေးကို"
အလေးအနက်ထား၊ ထိန်းသိမ်းသွားဖို့
"တစ်မျိုးသားလုံးရဲ့၊ တာဝန်တည်း။"

[(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုလျက်]

**ဟသ်ာတမြင့်ငွေ**

(၅၉)နှစ်မြောက်လွတ်လပ်ရေးနေ့အခမ်းအနားကို မင်္ဂလာတောင်ညွန့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့တွင် ဇန်နဝါရီ ၄ရက်က ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကို ဖတ်ကြားစဉ်။ (၃၂)



# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များအပ်နှင်း

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ**
**အမိန့်ကြော်ငြာစာ**
**အမှတ် ၁/၂၀၀၇**
**၁၃၆၈ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်**
**(၂၀၀၇ ခုနှစ် ဇန်နဝါရီလ ၄ ရက်)**

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဆရာတော်ကြီးများ၊ ဂန္ထဓုရပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်း၊ ပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းအပ်နှင်းလိုက်ပါသည်–

**(ယမန်နေ့မှအဆက်)**

## မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တပညာစက္က၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ လောခမ္မ ရပ်ကွက်၊ လှိုင်ကော်မြို့၊ ကယားပြည်နယ်

၂။ ဘဒ္ဒန္တဥက္ကံသ၊ အိန္ဒဲလေသာကျောင်းတိုက်၊ အိန္ဒဲကျေးရွာ၊ ဘားအံမြို့၊ ကရင်ပြည်နယ်

၃။ ဘဒ္ဒန္တဣန္ဒောဘာသ၊ တောင်ပို့ကျောင်း၊ တောင်ပို့ကျေးရွာ၊ လှိုင်းဘွဲမြို့နယ်၊ ကရင်ပြည်နယ်

၄။ ဘဒ္ဒန္တပဏ္ဏဝ၊ ခွာရုံသာသနာပြုကျောင်းတိုက်၊ ဟားခါးမြို့၊ ချင်းပြည်နယ်

၅။ ဘဒ္ဒန္တသြဘာသ၊ ကုန်းကြီးကျောင်းတိုက်၊ ကုန်းကြီးကျေးရွာ၊ ခင်ဦးမြို့နယ်၊ စစ်ကိုင်းတိုင်း

၆။ ဘဒ္ဒန္တရေဝတ၊ သာသနဝေပုလ္လကျောင်းတိုက်၊ ရှားပင်ကျေးရွာ မော်လိုက်မြို့၊ စစ်ကိုင်းတိုင်း

၇။ ဘဒ္ဒန္တဥတ္တရ၊ မစိုးရိမ်တိုက်သစ်ကျောင်းတိုက်၊ အလယ်ရပ် မုံရွာမြို့၊ စစ်ကိုင်းတိုင်း

၈။ ဘဒ္ဒန္တသုနန္ဒ၊ သုနန္ဒာရာမကျော်ဇေယျာကျောင်း၊ ပရိယတ္တိစာသင်တိုက်နှင့် အမှတ်(၂) ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ ကောလင်းမြို့၊ စစ်ကိုင်းတိုင်း

၉။ ဘဒ္ဒန္တဇဝန၊ အသောကာရာမကျောင်းတိုက်၊ ဈေးတန်းရပ်ကွက်၊ တမူးမြို့၊ စစ်ကိုင်းတိုင်း

၁၀။ ဘဒ္ဒန္တစန္ဒောဒယ၊ အောင်ဘောဂကျောင်းတိုက်၊ တရုတ်တန်းရပ်ကွက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်း

၁၁။ ဘဒ္ဒန္တစန္ဒိမာ၊ အောင်စေတီပရိယတ္တိစာသင်တိုက်၊ မြို့သစ်(ဃ)ရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း

၁၂။ ဘဒ္ဒန္တဝေရောစန၊ ဓမ္မမေဒနီကျောင်း၊ ခရမ်းရွာ၊ သနပ်ပင်မြို့နယ်၊ ပဲခူးတိုင်း

၁၃။ ဘဒ္ဒန္တသြဘာသ၊ ဘောဇနသာလာကျောင်း၊ ဝိသုဒ္ဓါရုံဗာရာဏသီတိုက်၊ နဝင်းရပ်၊ ပြည်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)

၁၄။ ဘဒ္ဒန္တသုမန၊ မြတ်လေးရုံကျောင်းတိုက်၊ ရွာဘဲရပ်၊ ပြည်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)

၁၅။ ဘဒ္ဒန္တပညာဝရ၊ ရေတောင်တောရဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ မြို့မ(၄)ရပ်ကွက်၊ မုဒုံမြို့၊ မွန်ပြည်နယ်

၁၆။ ဘဒ္ဒန္တသောဘဏ၊ အောင်မင်္ဂလာကျောင်းတိုက်၊ လမိုင်းမြို့၊ ရေးမြို့နယ်၊ မွန်ပြည်နယ်

၁၇။ ဘဒ္ဒန္တဝိသုဒ္ဓ၊ ညောင်ကုန်းကျောင်းတိုက်၊ သာစည်မြို့၊ မန္တလေးတိုင်း

၁၈။ ဘဒ္ဒန္တသုမင်္ဂလ၊ သန်းကုန်းကျောင်းတိုက်၊ ရွှေပြည်ရန်နိုင်မြောက်ပိုင်း၊ ပျော်ဘွယ်မြို့နယ်၊ မန္တလေးတိုင်း

၁၉။ ဘဒ္ဒန္တနန္ဒိယ၊ ရွာဦးကျောင်းတိုက်၊ ပွေးကျစ်ရွာ၊ ကျောက်ပန်းတောင်းမြို့နယ်၊ မန္တလေးတိုင်း

၂၀။ ဘဒ္ဒန္တခန္တီသာရ၊ စက်တော်ရာကျောင်းတိုက်၊ ဆင်းဂွတ်ကျေးရွာ၊ မြင်းခြံ မြို့နယ်၊ မန္တလေးတိုင်း

၂၁။ ဘဒ္ဒန္တစန္ဒန၊ မဟာဝိဇိတာရာမတိုက်၊ ပုသိမ်ကျောင်း၊ ချမ်းမြသာယာရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်း

၂၂။ ဘဒ္ဒန္တဝိမလ၊ အင်္ဂါထောင့် ဓမ္မာစရိယကျောင်း၊ ရွှေမင်းဝန်ကျောင်းတိုက်၊ အမှတ်(၄)ရပ်ကွက်၊ ညောင်ဦးမြို့၊ မန္တလေးတိုင်း

၂၃။ ဘဒ္ဒန္တတိက္ခဉာန၊ ရွှေဇာလီကျောင်းတိုက်၊ တစ်မိုက်သာကျေးရွာ၊ တောင်သာမြို့နယ်၊ မန္တလေးတိုင်း

၂၄။ ဘဒ္ဒန္တသုန္ဒရ၊ မဟာသန္တိသုခသဒ္ဓမ္မဝံသကျောင်းတိုက်၊ ညွန့်ပင်ကျေးရွာ၊ ကျောက်ဆည်မြို့၊ မန္တလေးတိုင်း

၂၅။ ဘဒ္ဒန္တအာနန္ဒာစာရ၊ လူငယ်ဖွံ့ဖြိုးရေးပရဟိတကျောင်း၊ ထန်းတောကျေးရွာ၊ မလှိုင်မြို့နယ်၊ မန္တလေးတိုင်း

၂၆။ ဘဒ္ဒန္တကေသရ၊ ဣစ္ဆာသယကျောင်း၊ ပထမရွှေအင်ပင်ကျောင်းတိုက်၊ ဒေးဝန်းအရှေ့ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း

၂၇။ ဘဒ္ဒန္တဓမ္မသာမိ၊ ဒါးကကျောင်း၊ ဘုံးအိုးကျေးရွာ၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်း

၂၈။ ဘဒ္ဒန္တပညာဇောတ၊ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက်၊ ရွာကောက်ရပ်၊ ပျဉ်းမနားမြို့၊ မန္တလေးတိုင်း

၂၉။ ဘဒ္ဒန္တပညာသာမိ၊ ကုမာရာရာမတိုက်နှင့် ရေနံ့သာတောရ ပရိယတ္တိစာသင်တိုက်၊ တောင်ကလပ် ကျေးရွာ၊ ကျောက်ပန်းတောင်းမြို့နယ်၊ မန္တလေးတိုင်း

၃၀။ ဘဒ္ဒန္တပညာဝံသ၊ စည်သူကျောင်း၊ မာရ်အောင်တိုက်၊ (င)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း

၃၁။ ဘဒ္ဒန္တသုမန၊ ထိန်စွန်းဘုန်းတော်ကြီးသင် ပညာရေးကျောင်းတိုက်၊ သန္ဓေပင်ကျေးရွာ၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်း

၃၂။ ဘဒ္ဒန္တကောဏ္ဍည၊ ဘုရားကြီးကျောင်းတိုက်၊ ပျဉ်းမကန်ကျေးရွာ၊ သုံးခွမြို့နယ်၊ ရန်ကုန်တိုင်း

၃၃။ ဘဒ္ဒန္တဥတ္တမသာရ၊ ဓမ္မသိင်္ဂီပရိယတ္တိစာသင်တိုက်၊ စံချိန်မီရပ်ကွက်၊ ကျောက်တန်းမြို့နယ်၊ ရန်ကုန်တိုင်း

၃၄။ ဘဒ္ဒန္တသုန္ဒရ၊ အရှေ့ကျောင်းတိုက်၊ ကံပြောင်ကျေးရွာ၊ ကျောက်တန်းမြို့နယ်၊ ရန်ကုန်တိုင်း

၃၅။ ဘဒ္ဒန္တသုနန္ဒ၊ ဖော့ကန်ဝါဦးပရိယတ္တိစာသင်တိုက်၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း(၂)၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း

၃၆။ ဘဒ္ဒန္တပညိန္ဒ၊ သာသနဇေယျမင်္ဂလာပရိယတ္တိ စာသင်တိုက်၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်း

၃၇။ ဘဒ္ဒန္တအာလောက၊ တုံခမ်းကျောင်းတိုက်၊ ဟိုပုံးမြို့၊ ရှမ်းပြည်နယ်

၃၈။ ဘဒ္ဒန္တသောဘိတ၊ မြသိန်းတန်သာသနာပြု ပရိယတ္တိစာသင်တိုက်နှင့် ပရဟိတဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ "ဝ"အထူးဒေသ၊ ဟိုပန်မြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)

၃၉။ ဘဒ္ဒန္တဝရသေနာပတိ၊ သာသနောဒယ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ ကဿဝင်ကျေးရွာ၊ ပန်းတနော်မြို့နယ်။ ဧရာဝတီတိုင်း

၄၀။ ဘဒ္ဒန္တတေဇာနန္ဒာဘိဝံသ၊ ရတနာမှန်ကျောင်းတိုက်၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ ကျွန်းခယ်မ ကျေးရွာ၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဧရာဝတီတိုင်း

### ပြည်ပဘွဲ့ခံဆရာတော်ကြီးများ

၄၁။ Venerable Jnanasree၊ Mahathera၊ Chief Abbot Chittagong Buddhist Monestry၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ

၄၂။ Venerable Sangha Nayaka S Dharmapala Mahathero Shakpura Dharmananda Vihara Shakpura Village စစ်တကောင်းဒေသ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ

၄၃။ Ven-Phra Khru Wara Panya Khun Wat Maha Thatu အမှတ်(၂၅)ကျောင်း၊ ဗန်ကောက်မြို့၊ ၁၀၂၀၀၊ ထိုင်းနိုင်ငံ

၄၄။ ဘဒ္ဒန္တဝိဇ္ဇာနန္ဒာဘိဝံသ၊ မေကာရိဉယျာဉ် ကမ္ဘာအေးစေတီ၊ မြန်မာကျောင်းတိုက်၊ ကိတကျူးရှူးမြို့၊ ဖုကုအိုကခရိုင်၊ ဂျပန်နိုင်ငံ

၄၅။ Ven.Mok Tak (Sang Kyoung Chan) ၊ ဟေဟွန်း(Hye-Eun) ဘုန်းတော်ကြီးကျောင်း၊ 449-4 Seokyo Dong, Mapa Gu. Seoul 121210, Korea နိုင်ငံ

### သီလရှင်ဆရာကြီး

၄၆။ ဒေါ်သေုဝတီ၊ သေုဝတီသီလရှင်စာသင်တိုက်၊ လယ်တီရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း

### လှူပုဂ္ဂိုလ်များ

၄၇။ ဒေါ်ကြင်ဝင်း၊ ဒ/၆၆၊ ဦးဖြူလမ်း၊ ဒေါ်နိုးကူးရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်

၄၈။ ဦးအောင်ခိုင်(၁)၊ အမှတ်(၃၁)၊ အခန်း(၂–ဘီ)၊ (၃)လမ်း၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း

၄၉။ ဦးထွန်းရွှေ၊ အမှတ်(၁၄၂၆)၊ ကျန်းမာရေးဆေးရုံလမ်း၊ (၁)ရပ်ကွက်၊ (ထူပါရုံ)၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်း

၅၀။ ဦးမင်းကြည်၊ အမှတ်(၂၉၈)၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်း

၅၁။ ဦးစိုးတင့်၊ အမှတ်(၁၁၈၇)(ခ)၊ သုခမ္မာ(၃)လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း

၅၂။ ဒေါက်တာလှသန်း၊ အမှတ် ၂၀၄၊ ၃၃–လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်း

## သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တမင်္ဂလသီရိ၊ ဆိုလဆယ်တောင်တန်းသာသနာပြုကျောင်း၊ ဆိုလဆယ်ကျေးရွာ၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်

၂။ ဘဒ္ဒန္တသူရိယ၊ ဝီးသဲကူးသာသနာပြုကျောင်း၊ ဝီးသဲကူးကျေးရွာ၊ ဒီမောဆိုးမြို့နယ်၊ ကယားပြည်နယ်

၃။ ဘဒ္ဒန္တခေမိန္ဒ၊ တို့တိန်ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ တို့တိန်ကျေးရွာ၊ မင်းတပ်မြို့၊ ချင်းပြည်နယ်

၄။ ဘဒ္ဒန္တတိလောက၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ ပေါမိုင်းရပ်၊ ခန္တီးမြို့၊ စစ်ကိုင်းတိုင်း

၅။ ဘဒ္ဒန္တနန္ဒိယ၊ ရှေဦးထေရဝါဒဗုဒ္ဓသာနာပြုဗဟိုကျောင်း၊ မင်းကင်းမြို့နယ်၊ စစ်ကိုင်းတိုင်း

၆။ ဘဒ္ဒန္တပညာဝုဓ၊ နန်းတော်ပရိယတ္တိစာသင်တိုက်၊ အမှတ်(၁)ရပ်ကွက်၊ ကလေးဝမြို့၊ စစ်ကိုင်းတိုင်း

၇။ ဘဒ္ဒန္တဝိမလ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ အောင်ရွာ၊ ကလေးမြို့နယ်၊ စစ်ကိုင်းတိုင်း

၈။ ဘဒ္ဒန္တသူရိယ၊ သီရိမင်္ဂလာကျောင်းတိုက်၊ ကျောက်ဆည်ကျေးရွာ၊ သရက်ချောင်းမြို့နယ်၊ တနင်္သာရီတိုင်း

၉။ ဘဒ္ဒန္တပညာဝံသ၊ ညောင်ဇင်ကျောင်းသစ်၊ ညောင်ဇင်စံပြကျေးရွာ၊ သရက်ချောင်းမြို့နယ်၊ တနင်္သာရီတိုင်း

၁၀။ ဘဒ္ဒန္တပညာသီဟ၊ မွေပွေးကုန်းဘုန်းတော်ကြီးသင် ပညာရေးကျောင်းတိုက်၊ မွေပွေးကုန်းရွာ၊ ကဝမြို့နယ်၊ ပဲခူးတိုင်း

၁၁။ ဘဒ္ဒန္တဇာနိဿရ၊ ဓမ္မမေဒနီစာသင်တိုက်နှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ ဝေါမြို့နယ်၊ ပဲခူးတိုင်း

၁၂။ ဘဒ္ဒန္တဇနိန္ဒ၊ နိဗ္ဗိန္ဒဝံသစကြာတောင်တောရကျောင်းတိုက်၊ ရွာဘဲနယ်မြေ၊ ပြည်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)

၁၃။ ဘဒ္ဒန္တကုဏ္ဍလ၊ သာသနာ့ရောင်ခြည်မိုးကုတ်ဝိပဿနာရိပ်သာ၊ ချောက်မြို့နယ်၊ စလေမြို့၊ မကွေးတိုင်း

၁၄။ ဘဒ္ဒန္တကောဝိဒ၊ စည်သာစံပြတိုက်သစ်ကျောင်းတိုက်၊ စည်သာစံပြကျေးရွာ၊ ရေစကြိုမြို့နယ်၊ မကွေးတိုင်း

၁၅။ ဘဒ္ဒန္တသုမန၊ ကွမ်ကသောင်ကျောင်းတိုက်၊ မြို့မ(၄)ရပ်ကွက်၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်

၁၆။ ဘဒ္ဒန္တဝါရိန္ဒ၊ ဘုရားကြီးကျောင်းတိုက်၊ ရှင်စောပုရပ်ကွက်၊ ကျိုက်မရောမြို့၊ မွန်ပြည်နယ်

၁၇။ ဘဒ္ဒန္တကောသလ္လ၊ အုတ်ဖိုကျောင်းကြီးကျောင်းတိုက်၊ အုတ်ဖိုကျေးရွာ၊ သာစည်မြို့နယ်၊ မန္တလေးတိုင်း

၁၈။ ဘဒ္ဒန္တသုန္ဒရ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၊ ဒေါနဘွားရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း

၁၉။ ဘဒ္ဒန္တစန္ဒမုခ၊ မြို့ဒိပ်ကျောင်းတိုက်၊ ရွှေမြို့ဘူတာကျေးရွာ၊ တပ်ကုန်းမြို့နယ်၊ မန္တလေးတိုင်း

၂၀။ ဘဒ္ဒန္တဝိသုဒ္ဓါစာရ၊ သန္တာရုံကျောင်းတိုက်၊ ဖလံကုန်းကျေးရွာ၊ နွားထိုးကြီးမြို့နယ်၊ မန္တလေးတိုင်း

၂၁။ ဘဒ္ဒန္တကောသလ္လ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ သရဖီ(နတလ)၊ စံပြကျေးရွာ၊ ဘူးသီး တောင်မြို့နယ်၊ ရခိုင်ပြည်နယ်

၂၂။ ဘဒ္ဒန္တဝရဓဇ၊ ဂုဏ်ကျွန်းဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ မြောက်ဦးမြို့၊ ရခိုင်ပြည်နယ်

၂၃။ ဘဒ္ဒန္တဝိမလာစာရ၊ ကျောင်းကြီးကျောင်းတိုက်၊ မဟာဗောဓိရွှေကျောင်း၊ အလိန်လည်ကျေးရွာ၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်း

၂၄။ ဘဒ္ဒန္တဇနိန္ဒသာရ၊ အောင်စန္ဒာသိဒ္ဓိကျောင်း၊ အမှတ်(၂)ဝိုင်း၊ (၅)ရပ်ကွက်၊ ပါရမီလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း

၂၅။ ဘဒ္ဒန္တဣန္ဒောဘာသ၊ ကျားကူးဓမ္မဗိမာန်ကျောင်းတိုက်၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်း

၂၆။ ဘဒ္ဒန္တသြဘာသ၊ မြတ်မင်္ဂလာကျောင်း၊ ဇမ္ဗူအေးတိုက်၊ (ဈ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း

၂၇။ ဘဒ္ဒန္တပညာ၊ သင်တောရိုးကျောင်းတိုက်၊ သင်တောရိုးကျေးရွာ၊ မှော်ဘီမြို့နယ် ရန်ကုန်တိုင်း

၂၈။ ဘဒ္ဒန္တဝါယမိန္ဒ၊ မနောရမ္မပညာဒါနကျောင်း၊ အရှေ့ဥယျာဉ်တိုက်၊ လင်းလွန်းတောင်ရပ်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်း

၂၉။ ဘဒ္ဒန္တဣန္ဒက၊ သဒ္ဓမ္မဇောတိကာရုံရွှေကျင်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ကွမ်းခြံကုန်းကျေးရွာ၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်း

၃၀။ ဘဒ္ဒန္တကောဝိဒ၊ ဓိုးပင်ဝဲအနောက်ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ ဓိုးပင်ဝဲကျေးရွာ၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်း

၃၁။ ဘဒ္ဒန္တဝိသုဒ္ဓရံသီ၊ ဓမ္မသိင်္ဂီပျော်ဘွယ်ပရိယတ္တိစာသင်တိုက်၊ (၁)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း

၃၂။ ဒေါက်တာအရှင်သုန္ဒရ၊ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း၊ သီရိဇေယျကျောင်းတိုက်၊ အောင်တော်မူလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်း

၃၃။ ဘဒ္ဒန္တတေဇနိယ၊ အောင်မြေသာယာကျောင်းတိုက်၊ (ပလောင်ငြိမ်းချမ်းရေးကုန်း)၊ ကျောက်မဲမြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)

၃၄။ ဘဒ္ဒန္တပဝရဓဇ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းတိုက်၊ နားပန်ရွာ၊ လောက်ကိုင်မြို့၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)

၃၅။ ဘဒ္ဒန္တဝေပုလ္လ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ချင်းရွှေဟော်မြို့နယ် ရှမ်းပြည်နယ် (မြောက်ပိုင်း)

၃၆။ ဘဒ္ဒန္တဣန္ဒက၊ ဆီဘူးထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဖယ်ခုံမြို့နယ်၊ ရှမ်းပြည်နယ်

၃၇။ ဘဒ္ဒန္တစန္ဒောဘာသ၊ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၊ ထေရဝါဒဗုဒ္ဓသာသနာပြုစလင်းကျောင်း၊ စလင်းရွာ၊ ဖယ်ခုံမြို့၊ ရှမ်းပြည်နယ်

၃၈။ ဘဒ္ဒန္တကဋ္ဌန၊ လူငယ်ဖွံ့ဖြိုးရေးပရဟိတသာသနာ့ ဇေယျကျောင်းတိုက်၊ ဘီတွတ်ကျေးရွာ၊ လပွတ္တာမြို့နယ်၊ ဧရာဝတီတိုင်း

### ပြည်ပဘွဲ့ခံ ဆရာတော်ကြီးများ

၃၉။ ဘဒ္ဒန္တဒေါက်တာ ဗုဒ္ဓပီယ၊ Siddharth United Social Welfare Mission Chinar Park ကာလကတ္တားမြို့၊ အိန္ဒိယနိုင်ငံ

၄၀။ ဘဒ္ဒန္တရေဝတ၊ ဓမ္မသုခကျောင်းတိုက်၊ ကယ်လီဖိုးနီးယားပြည်နယ်၊ နော့ဝပ်မြို့၊ အမေရိကန်ပြည်ထောင်စု

### သီလရှင်ဆရာကြီးများ

၄၁။ ဒေါ်ဣန္ဒာစာရီ၊ သာသနကာရီသီလရှင်စာသင်တိုက်၊ ပေါက်ကုန်းရပ်ကွက်၊ ဗန်းမော်မြို့၊ ကချင်ပြည်နယ်

၄၂။ ဒေါ်ဓမ္မဝရဉာဏီ၊ ထေရဝါဒဗုဒ္ဓသာသနာပြုသီလရှင်ကျောင်း၊ အောင်မင်္ဂလာရပ်ကွက်၊ လေရှီးမြို့၊ စစ်ကိုင်းတိုင်း

၄၃။ ဒေါ်ကဥ္စနဝတီ၊ ထေရဝါဒဗုဒ္ဓသာသနာပြုသီလရှင်ကျောင်း၊ နမ်ဖွတ်မော်ရပ်၊ ဟုမ္မလင်းမြို့၊ စစ်ကိုင်းတိုင်း

၄၄။ ဒေါ်မေဒိနီ၊ ဇေယျာသီရိ မိဘမဲ့အမျိုးသမီးကလေးများကျောင်း၊ (၁၈)ရပ်ကွက်၊ တောင်ငူမြို့၊ ပဲခူးတိုင်း၊

၄၅။ ဒေါ်မာလာရီ၊ ဝေဘူချောင် ကျောင်းတိုက်၊ ဖောင်ရွာ၊ ရွာသစ်ရပ်ကွက်၊ ကျောက်ဆည်မြို့၊ မန္တလေးတိုင်း

၄၆။ ဒေါ်ဓမ္မသိင်္ဂီ၊ ဓမ္မဝါဒီသီလရှင်စာသင်တိုက်၊ မြို့သစ်(၈)ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း

### ပြည်ပဘွဲ့ခံသီလရှင် ဆရာကြီးများ

၄၇။ အနဂါရိကသုဇတ၊ အပြည်ပြည်ဆိုင်ရာ ဂေါတမီသီလရှင်ကျောင်း၊ လုမ္ဗိနီမြို့၊ နီပေါနိုင်ငံ

၄၈။ ဆရာကြီး ဒေါက်တာပညာသိရီ၊ ဒေါ်ဓမ္မေသီ သီလရှင် ကျောင်းတိုက်၊ ၁၂၁၇၊ လော့ရင်လမ်း၊ ကယ်လီဖိုးနီးယားပြည်နယ်၊ အမေရိကန်ပြည်ထောင်စု။

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ▲**

▲ စာမျက်နှာ ၆ မှ

**လူပုဂ္ဂိုလ်များ**

၄၉။ ဦးဉာဏ်အောင်၊ ရုံးကြီးရပ်ကွက်၊ စာရေးတန်းလမ်း၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း

၅၀။ ဦးဝင်းတင်၊ အမှတ် ၈၂/၄၇၊ ၅၉ လမ်း၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်း

၅၁။ ဦးအောင်ခိုင်(၂)၊ အမှတ်(၂၉၉)၊ နတ်သျှင်နောင်လမ်း၊ (၃၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်း

၅၂။ ဦးခင်မောင်တင့်၊ အမှတ် ၄၃၊ ညောင်တုန်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်း

၅၃။ ဦးစံသင်းလှိုင်၊ အမှတ် ၅၀(က)၊ စင်ယော်လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း

၅၄။ ဦးသူရ၊ ဒုတိယသီရိရိပ်သာ၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်း

**ပြည်ပဘွဲ့ခံလူပုဂ္ဂိုလ်များ**

၅၅။ Mr. Dravya Man Singh Tuadhr ၊ အာဆန်ရပ်ကွက်၊ ခတ္တမန္ဒူးမြို့၊ နီပေါနိုင်ငံ

၅၆။ Mr. Raja Tridiv Roy၊ ဥက္ကဋ္ဌ All Pakistan Buddhist Society၊ ပါကစ္စတန်နိုင်ငံ

## အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တကုဏ္ဍလ၊ ဆီတောင်ဓမ္မရိပ်သာကျောင်းတိုက်၊ ရှပ်ပုံရွာ၊ ပုလောမြို့နယ်၊ တနင်္သာရီတိုင်း

၂။ ဘဒ္ဒန္တဝိသုဒ္ဓါစာရ၊ တောင်ပေါ်သာသနာ့ရိပ်သာကျောင်း၊ ပိတောက်ပင်ကျေးရွာ၊ ကောလင်းမြို့၊ စစ်ကိုင်းတိုင်း

၃။ ဘဒ္ဒန္တနန္ဒိယ၊ မင်္ဂလာသုခကျောင်းတိုက်၊ ဒရယ်ကျေးရွာ၊ ချောင်းဆုံမြို့နယ်၊ မွန်ပြည်နယ်

၄။ ဘဒ္ဒန္တဝိမလာစာရ၊ စံပယ်ရုံ မိုးကုတ်ဝိပဿနာရိပ်သာကျောင်းတိုက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း

၅။ ဘဒ္ဒန္တဃောသိတ၊ သံဃာ့တက္ကသိုလ်ကျောင်းတိုက်၊ ရေကူးဘူတာရုံလမ်းသွယ်၊ အမှတ်(၈) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း

၆။ ဘဒ္ဒန္တဣန္ဒောဘာသ၊ အပြည်ပြည်ဆိုင်ရာ ဖားအောက်တောရ ဗုဒ္ဓသာသနာ့ရိပ်သာ၊ သီလဝါလမ်း၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်း

၇။ ဘဒ္ဒန္တဇာဂရာဘိဝံသ၊ ကလေးဝတောရကျောင်း၊ နာဂလိုဏ်ဂူဘုရားကုန်းမြေ၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း

၈။ ဘဒ္ဒန္တဝိစိတ္တသာရ၊ ဓမ္မသိပ္ပံစာသင်တိုက်၊ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၊ မအူပင်မြို့နယ်၊ ဧရာဝတီတိုင်း

## မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တပညာဇောတ၊ မိုးကုတ်ဝိပဿနာသိမ် မဟာရိပ်သာကျောင်း၊ ညောင်ပင်ရပ်၊ ဇန်းမော်မြို့၊ ကချင်ပြည်နယ်

၂။ ဘဒ္ဒန္တဝိလာသ၊ မဟာပါသာဏကျောက်လုံးကြီးဓမ္မရိပ်သာ၊ မြဝတီမြို့၊ ကရင်ပြည်နယ်

၃။ ဘဒ္ဒန္တကေသရ၊ ဉာဏောဘာသာရာမကျောင်းတိုက်၊ ရွှေတုံမဟာစည်သာသနာ့ရိပ်သာ၊ ရွှေတုံစံပြကျေးရွာ၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း

၄။ ဘဒ္ဒန္တသုမန၊ သီရိသုမနမိုးကုတ်ဝိပဿနာ မဂ္ဂင်ဓမ္မကျောင်းတိုက်၊ သောတာပန်ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း

၅။ ဘဒ္ဒန္တဝိသုဒ္ဓဉာဏ၊ ပြည်တော်အေး ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၊ ရွှေဟသ်ာရပ်ကွက်၊ ကော့သောင်းမြို့၊ တနင်္သာရီတိုင်း

၆။ ဘဒ္ဒန္တဇဋိလ၊ ရွှေဂူပုဂံတောင်တောရကျောင်း (မိုးကုတ်ရိပ်သာ) အဖွဲ့ခွဲ (၄၃) ဘိုးတော်ကုန်းကျေးရွာ၊ ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်း

၇။ ဘဒ္ဒန္တကောဝိဒ၊ ဖားအောက်ရိပ်သာကျောင်းတိုက်၊ ဖားအောက်ကျေးရွာ၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်

၈။ ဘဒ္ဒန္တဓမ္မသာရ၊ မိုးကုတ်ရိပ်သာအဖွဲ့ခွဲ(၁၂၂)၊ ဇမ္ဗူအေးကျောင်းတိုက်၊ ဈ–ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း

၉။ ဘဒ္ဒန္တသိရိဓမ္မ၊ အေးမြချမ်းသာ မဟာစည်သာသနာ့ရိပ်သာ၊ ကျန်စစ်သားလမ်းမကြီး၊ အမှတ်(၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်း

၁၀။ ဘဒ္ဒန္တသူရိယ မိုးကုတ်ဝိပဿနာအေးရိပ်သာကမ္မဋ္ဌာန်းကျောင်းတိုက် မာန်အောင်ရပ်ကွက် တာမွေမြို့နယ် ရန်ကုန်တိုင်း

၁၁။ ဘဒ္ဒန္တဣန္ဒသိရီ ရွှေဥမင်တောရရိပ်သာ ပုရွက်ဆိတ်ကုန်းရပ်ကွက် မြောက်ဥက္ကလာပမြို့နယ် ရန်ကုန်တိုင်း

၁၂။ ဘဒ္ဒန္တဒေါက်တာစန္ဒာဝရာဘိဝံသ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပဋိပတ္တိမဟာဌာန (၅)ရပ်ကွက် မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်း

၁၃။ ဘဒ္ဒန္တပညာသာရ ဓမ္မလင်္ကာရကျောင်းတိုက် ချောင်းကလေးကျေးရွာ မြောင်းမြမြို့နယ် ဧရာဝတီတိုင်း

**ပြည်ပဘွဲ့ခံဆရာတော်ကြီးများ**

၁၄။ Phra Prajak Siri Wanno ပရိနာယုတ်ကျောင်း အမှတ်(၂) ဗန်ကောက်မြို့ ထိုင်းနိုင်ငံ

၁၅။ Hon. Inguruwatte Piyananda Maha Nayaka Thero ရွှေကျင် Siyane International Vipassana Meditation Centre, Kanduboda သီရိလင်္ကာနိုင်ငံ

**သီလရှင်ဆရာကြီး**

၁၆။ ဒေါ်သုမနစာရီ တောက်ထိန်တောင်ဗောဓိရိပ်သာ ရန်တောင်ရွာ သရက်ချောင်းမြို့နယ် တနင်္သာရီတိုင်း

## ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တစန္ဒောသာရ အောင်မင်္ဂလာ မိုးကုတ်ရိပ်သာ ကျောင်းတိုက် ဈေးလမ်း(၁၃)ရပ်ကွက် တောင်ငူမြို့ ပဲခူးတိုင်း

၂။ ဘဒ္ဒန္တကုသလ သာသနာ့အလင်းရောင်စာသင်တိုက် သရက်မြို့ မကွေးတိုင်း

၃။ ဘဒ္ဒန္တသုန္ဒရ စွန်းလွန်းဂူတိုက်ကျောင်းတိုက် ဈေးကြိုရပ်ကွက် မော်လမြိုင်မြို့ မွန်ပြည်နယ်

၄။ ဘဒ္ဒန္တသောဘန မိုးကုတ်ဝိပဿနာဆန်တန်းကျောင်းသစ် ဈေးကြိုရပ် မော်လမြိုင်မြို့ မွန်ပြည်နယ်

၅။ ဘဒ္ဒန္တကေသရာဘိဝံသ ညောင်ရိပ်သာကျောင်းတိုက် (၁၀)တောင်ရပ်ကွက် သာကေတမြို့နယ် ရန်ကုန်တိုင်း

၆။ ဘဒ္ဒန္တဣန္ဒက မိုးညှင်းဝိပဿနာတိုက်သစ် ရွှေတောင်ကြား(၂)ရပ်ကွက် ဗဟန်းမြို့နယ် ရန်ကုန်တိုင်း

၇။ ဘဒ္ဒန္တဇာဂရ ရေဦးကမ္မဋ္ဌာန်းရိပ်သာကျောင်းတိုက် အမှတ်(၂)ရပ်ကွက် ကျောက်မဲမြို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)

၈။ ဘဒ္ဒန္တသုခမိန္ဒ၊ ဓမ္မဂုဏ်ရည်ရိပ်သာကျောင်းတိုက်၊ တန့်ယန်းမြို့၊ ရှမ်းပြည်နယ်။

## အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်တော်

၁။ ဦးမြင့်ဆွေ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ ရာသက်ပန်အမြဲတမ်းတရားစခန်းဓမ္မရိပ်သာကြီး ကျွန်းကုန်းကျေးရွာ အုတ်ဖိုမြို့ (နယ်လှည့်ဓမ္မကထိက)ပဲခူးတိုင်း(အနောက်ပိုင်း)

၂။ ဦးဉာဏ်လွင် အမှတ် ၃၅(ဃ) ကျိုက်ဝိုင်းဘုရားလမ်း(၄)ရပ်ကွက် မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်း

၃။ ဦးအောင်ကြည်မြင့် မင်းမဟာတာယာနှင့် ကျော်ကြားမော်တော်ကားအလုပ်ရုံ အမှတ်(၂၀၇)မြင်စိုင်းလမ်း (၂၀)ရပ်ကွက် ရွှေပေါက်ကံမြို့သစ် မြောက်ဥက္ကလာပမြို့နယ် ရန်ကုန်တိုင်း

၄။ ဦးတင့်ဆန်း အမှတ် ၁၅၃ ခရေလမ်း သန်လျင်တံတားအိမ်ရာဝင်း ၁၀/တောင်ရပ်ကွက် သာကေတမြို့နယ် ရန်ကုန်တိုင်း

၅။ ဒေါက်တာမိုးတင် သွားဘက်ဆိုင်ရာဆရာဝန် အမှတ်(၁၁)အေဦးထွန်းမြတ်လမ်း တာမွေမြို့နယ် ရန်ကုန်တိုင်း

## အဂ္ဂမဟာသီရိသုဓမ္မသီဂီဘွဲ့တံဆိပ်တော်

၁။ ဒေါ်စိန်စိန်ရီ အမှတ်(၈၁) ၂၇လမ်း x၆၈လမ်းထောင့် ချမ်းအေးသာစံမြို့နယ် မန္တလေးတိုင်း၊

၂။ ဒေါ်ခင်မြင့်မြင့် မန်နေဂျင်းဒါရိုက်တာ အောင်အောင်အင်တာပရိုက်လီမိတက် မြန်မာအမျိုးသမီးများ စီးပွားရေးစွမ်းဆောင်ရှင်များအသင်း ဥက္ကဋ္ဌ အမှတ် ၁၀၆/၁၀၈ ငါးထပ်ကြီးဘုရားလမ်း ဗဟန်းမြို့နယ် ရန်ကုန်တိုင်း

၃။ ဒေါ်ကြည်ကြည်ဆွေ အမှတ် (၁၁၈) ရေတာရှည်လမ်းဟောင်း ရေတာရှည်ရပ်ကွက် ဗဟန်းမြို့နယ် ရန်ကုန်တိုင်း

၄။ ဒေါ်အေးအေးစိုး ဒါရိုက်တာ Yangon International Educare Center အမှတ် ၂၄ (ဂျီ) ပြည်သူ့လမ်း ပြည်လမ်း မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်း

၅။ ဒေါ်အေးမြတ်နွယ် အုပ်ချုပ်မှုဒါရိုက်တာ ပုဂံဟိုတယ် ၅၂ (က) ဆရာစံလမ်းမကြီး ဗဟန်းမြို့နယ် ရန်ကုန်တိုင်း

၆။ ဒေါ်ဝင်းဝင်းအေး(ခ)မကြီး ရတနာဝင်းခတ်မြေသြဇာပွဲရုံ အမှတ် ည–၂၇ အသောကလမ်း (၁)ရပ်ကွက် ဘုရင့်နောင်ပွဲရုံတန်း မရမ်းကုန်းမြို့နယ် ရန်ကုန်တိုင်း

## သီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်တော်

၁။ ဦးကံတင် PK ပဲအမျိုးမျိုးရောင်းဝယ်ရေး အမှတ် ၂၄၂၊ ၃၀ လမ်း၊ ၈၅/၈၆ လမ်းကြား ချမ်းအေးသာစံမြို့နယ် မန္တလေးတိုင်း

၂။ ဦးတူးမောင် ကျော်ဝင်းထွန်း ကျောက်မျက်ရတနာကုမ္ပဏီလီမိတက် အမှတ် (၁၁) မဂ္ဂင်လမ်း မြို့မရပ် မိုးကုတ်မြို့ မန္တလေးတိုင်း

၃။ ဦးထွန်းရှိန် အမှတ် ၉၀(စီ)(၃) ရွှေတောင်ကြား(၁)လမ်း ရွှေတောင်ကြား (၁)ရပ်ကွက် ဗဟန်းမြို့နယ် ရန်ကုန်တိုင်း

၄။ ဦးမြင့်စိုး တိုက်အမှတ်(အို) အခန်း(၄) ရွှေဂန္ဓမာလမ်း ရွှေမာလာရိပ်မွန် ကမာရွတ်မြို့နယ် ရန်ကုန်တိုင်း

၅။ ဦးကိုကိုအေး အုပ်ချုပ်မှုဒါရိုက်တာ အမျိုးသားဂေါက်သီးလေ့ကျင့်ရေးကွင်း(သုဝဏ္ဏ) အမှတ်(၈၀)ဂျီ–၁ ကမ္ဘောဇလမ်းသွယ်(၂) ရွှေတောင်ကြား (၁)ရပ်ကွက် ဗဟန်းမြို့နယ် ရန်ကုန်တိုင်း

## သီရိသုဓမ္မသီဂီဘွဲ့တံဆိပ်တော်

၁။ ဒေါ်ကြွေကြွေ တိုက်အမှတ်(၃) တရုတ်တန်းလမ်း ဘုရားကြီးရပ်ကွက် မုံရွာမြို့ စစ်ကိုင်းတိုင်း

၂။ ဒေါ်အိလှ(ခ) ဒေါ်ခင်လှ မိုင်းကိုင်အုပ်စု ကြို့ပင်ကျေးရွာ ဟုမ္မလင်းမြို့နယ် စစ်ကိုင်းတိုင်း

၃။ ဒေါ်စမ်းမြင့် အမှတ်(၈၀) မြို့မရပ်ကွက် ရန်ကုန်–မန္တလေးလမ်းမ ပဲနွယ်ကုန်းမြို့ ကျောက်တံခါးမြို့နယ် ပဲခူးတိုင်း

၄။ ဒေါ်လှမြိုင် စိန်ရတနာဆေးတိုက် လမ်းမတော်လမ်း ကျောင်းကြီးအိုးတန်းရပ် ပြည်မြို့ ပဲခူးတိုင်း (အနောက်ပိုင်း)

၅။ ဒေါ်လုံးတင် ကျောက်မျက်ရောင်းဝယ်ရေး အမှတ် (၇၈၆) ရှမ်းစုရပ် မိုးကုတ်မြို့ မန္တလေးတိုင်း

၆။ ဒေါ်ဆင်နု ကုန်သည် ဘူတာရပ်ကွက် ကျောက်ပန်းတောင်းမြို့ မန္တလေးတိုင်း

၇။ ဒေါ်စန်းစန်းတင့်(ခ)ဒေါ်ရဲ နေပြည်တော်ပုံနှိပ်တိုက်နှင့် ရဲဗမာသက်န်းတိုက် အမှတ် (၁၃၉)၊ ၈၄ လမ်း၊ ၃၀ x ၃၁လမ်းကြား ချမ်းအေးသာစံမြို့နယ် မန္တလေးတိုင်း

၈။ ဒေါ်စန်းစန်းဝေ နံ့သာမြိုင်အုတ်ထုံးသဲကျောက်ရောင်းဝယ်ရေး (၄၁)လမ်း သာသနာပိုင်ရပ် သန်လျက်မော်အနောက် မဟာအောင်မြေမြို့နယ် မန္တလေးတိုင်း

၉။ ဒေါ်ခင်လေး ကုန်သည် မိတ္ထီလာလမ်း အောင်မင်္ဂလာရပ် ကျောက်ပန်းတောင်းမြို့ မန္တလေးတိုင်း

၁၀။ ဒေါ်နွဲ့နွဲ့စန်း ပါတိတ်တိုင်းပြည်အထည်ဆိုင်နှင့် ရတနာတိုင်းပြည်ဆောက်လုပ်ရေး အမှတ်–န–၈ (၁၇+၂၀) မဟာမြိုင်(၂)လမ်း မြို့သစ် မန္တလေးမြို့ မန္တလေးတိုင်း

၁၁။ ဒေါ်မြင့်မြင့်နွယ် သီရိရွှေစင်ရွှေဆိုင် မန်းမြို့ဈေး အမှတ် (၃၄၆) ဘီ၊ ၈၄ လမ်း မဟာအောင်မြေ မြို့နယ် မန္တလေးတိုင်း

၁၂။ ဒေါ်ကျင်သိန်း အမှတ် (၄၉) ၂၇ လမ်း (၃)ရပ်ကွက် ပန်းဘဲတန်းမြို့နယ် ရန်ကုန်တိုင်း

၁၃။ ဒေါ်ခင်သန်းမြင့်၊ အမှတ်(၉၈)၊ ကမ္ဘာအေးစေတီလမ်း၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း

၁၄။ ဒေါ်နွဲ့နွဲ့ကြည်၊ အမှတ်(၆၅)၊ ကျောက်စိမ်းပတ်လမ်း၊ ရတနာကျွန်းရိပ်သာ၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း

၁၅။ ဒေါ်ခင်ကြည်၊ အမှတ်(၈၆၇)၊ မဟာဗောဂလမ်း၊ ကမ္ဘာအေး (ဂ)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း

၁၆။ ဒေါ်အုန်းကြင်၊ အမှတ် ဇ–၄၁+၄၁(က)၊ ကံ့ကော်လမ်းနှင့် အသောကလမ်းထောင့်၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း

၁၇။ ဒေါ်မြရှင်၊ အမှတ် ၇၃/၇၄၊ အောင်မင်းခေါင်ဘုရားလမ်း၊ ဝင်ဒါမီယာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်း

၁၈။ ဒေါ်သန်းသန်းရီ၊ အမှတ်(၁၄)၊ ဌာနာလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်း

၁၉။ ဒေါ်အေးသိန်း၊ အမှတ်(၁)၊ ၂၀/ကရပ်ကွက်၊ လှော်ကားလမ်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရန်ကုန်တိုင်း

၂၀။ ဒေါ်ခင်ချိုအုန်း၊ အမှတ်(၆၂)၊ ဧရာဝဏ်လမ်း၊ (၇)ရပ်ကွက်၊ မြခွာညိုအိမ်ရာ၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်း

၂၁။ ဒေါ်ရင်ရင်စိုး၊ အမှတ်(၂၇)၊ အင်းစိန်လမ်း၊ အမှတ်(၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်း

၂၂။ ဒေါ်ငွေညွန့်၊ အမှတ်(၄)၊ River View ကမ်းနားလမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်း

၂၃။ ဒေါ်အေးအေးမော်(ခ)ဒေါ်ခင်ဆွေဦး(ခ)ဒေါ်မြတ်သီဂီ၊ အမှတ်(၄၇)၊ ၁၆၅–လမ်း၊ တာမွေကြီး (ခ) ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်း

၂၄။ ဒေါ်ဝင်းဝင်းငွေး(ခ) မငယ်၊ အမှတ်ဆ/၅၆၊ ပိတောက်လမ်း၊ ဘုရင့်နောင်၊ အမှတ်(၁) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း

၂၅။ ဒေါ်မြင့်မြင့်ဝင်း၊ မန်နေဂျင်းဒါရိုက်တာ၊ ရွှေသံလွင်ကုမ္ပဏီ၊ အမှတ်(၁၅၄)၊ ၁၉ လမ်းအပေါ်၊ (၄)ရပ်ကွက်၊ လသာမြို့နယ်၊ ရန်ကုန်တိုင်း

၂၆။ ဒေါ်ထားထားနွယ်၊ ပီ(၉)၊ ငွေယမုံရိပ်မွန်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်း

## သီဟသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်

၁။ ဦးစံသိန်း၊ ကုန်သည်နှင့် သွေး၊ လေ၊ အကြောပြင်မြန်မာသမားတော်ကြီး၊ အောင်မင်္ဂလာရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့၊ မန္တလေးတိုင်း

၂။ ဦးကျော်အေး၊ "ကျော်" ကားပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ဒုတိယလမ်းမတော်အရှေ့ပြင်ရပ်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်း

၃။ ဦးမြင့်စိုး၊ 7 Vitan Tigerအချိုရည်၊ Tiger Myanmar သောက်ရေသန့်စက်ရုံ၊ Tiger Myanmar မော်တော်ယာဉ်ထုတ်လုပ်ရေးပိုင်ရှင်၊ ရန်ကုန်–မန္တလေးလမ်းမတော်၊ ရွှေပြည်ရန်နိုင်ရပ်၊ ပျော်ဘွယ်မြို့၊ မန္တလေးတိုင်း

၄။ ဦးချစ်မွေး၊ အမှတ်(၂၅)၊ ငုဝါလမ်း၊ (၂၉)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း

## သီဟသုဓမ္မသီဂီဘွဲ့တံဆိပ်တော်

၁။ ဒေါ်နီလာရွှေ၊ အမှတ်(၈၃)၊ အထက်ကြည့်မြင်တိုင်လမ်း၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်း

၂။ ဒေါက်တာရီရီနွယ်၊ အမှတ်(၇၉)၊ ဗုဒ္ဓဟူးလမ်း၊ (၄)ရပ်ကွက်၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်း

၃။ ဒေါ်ခိုင်ခိုင်ဦး၊ အမှတ် ၅၆/၅၇၊ (၆)လမ်း၊ လှိုင်ရတနာမွန်အိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း

၄။ ဒေါ်ညွန့်ညွန့်ဝင်း၊ မြို့ကွက်သစ်၊ (၂)ရပ်ကွက်၊ ပန်းတနော်မြို့၊ ဧရာဝတီတိုင်း

## သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်

၁။ ဦးလှထွန်း၊ စံချိန်မီနို့ဆီချက်စက်ရုံ၊ အမြန်ယာဉ်၊ ရွှေ၊ ငွေရတနာဆိုင်၊ သုံးဆယ်မြို့၊ ပဲခူးတိုင်း (အနောက်ပိုင်း)

၂။ ဦးစိုးမြင့်အောင်၊ အမှတ်(၂၀၀)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်း

## သုဓမ္မသီဂီဘွဲ့တံဆိပ်တော်

၁။ ဒေါ်ခင်ကြူကြူသန်း၊ မဏ္ဍိုင်ဒီဇယ်ပန့်နှင့် နော်ဇယ်ပြုပြင်ရေးလုပ်ငန်း၊ ၂၀၂၊ လမ်းမတော်လမ်း၊ ပြည်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)

၂။ ဒေါ်ငွေငွေသိန်း၊ မြသစ္စာသစ်သီးပွဲရုံ၊ အကွက်အမှတ်(၂၇၀)၊ ပြည်ကြီးပျော်ဘွယ်အနောက်၊ (၃၄) လမ်း၊ ၈၆ x ၈၇ လမ်းကြား၊ စမွန်းရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း

၃။ ဒေါ်စိမ်းစိမ်း၊ ကားဘော်ဒီလုပ်ငန်း၊ စံပြစက်မှုဇုန်(၁)၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်း

၄။ ဒေါ်သန်းသန်းဇော၊ အမှတ်(၁၃/၅၄)၊ ဇေယျာသုခလမ်း၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း

**အမိန့်အရ**

**(ပုံ)**

**သိန်းစိန်**

**ဒုတိယဗိုလ်ချုပ်ကြီး**

**အတွင်းရေးမှူး(၁)**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ**



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၇ခုနှစ် (၅၉)နှစ်မြောက်လွတ်လပ်ရေးနေ့ အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာကို ၂၀၀၇ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် ဖတ်ကြားစဉ်။ (သတင်းစဉ်)

✻ (၅၉)နှစ်မြောက်မှ

### သီရိလင်္ကာ

လွတ်လပ်ရေးနေ့အခါသမယတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ သီရိလင်္ကာသမ္မတ မစ္စတာ ဟင်ဒရာရာဂျာပက်ခ်စီထံမှ ပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ အစိုးရအဖွဲ့ကိုယ်စားလည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ လာမည့်နှစ်များတွင် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု မြင့်တင်နိုင်မည်ဟု မျှော်လင့်ကြောင်း၊ အဆွေတော် ကိုယ်စိတ်နှလုံးရွှင်ပြုံးချမ်းမြေ့စေရန်နှင့် မြန်မာနိုင်ငံသားများ တိုးတက်အောင်မြင်စေရန် ဆုတောင်းအပ်ပါကြောင်း ဖော်ပြထားသည်။

အလားတူ သဝဏ်လွှာကို သီရိလင်္ကာဝန်ကြီးချုပ် မစ္စတာ ရတနာသီရိဝစ် ခရမ်မာနာရာကာထံမှ ပေးပို့သည်။

### ရုရှား

လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာ၊ ဗွီ၊ ပူတင်ထံမှ ပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ ပြည်သူများ၏ အကျိုးစီးပွားများအတွက် ရင်းနှီးချစ်ကြည်သော ဆက်ဆံရေးတိုးတက်မှုမှာ အစဉ်အလာအရပင် ရှိခဲ့ပြီးဖြစ်ကြောင်း၊ အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ပါစေရန်လည်းကောင်း၊ မြန်မာနိုင်ငံသူ နိုင်ငံသားများ ပျော်ရွှင်တိုးတက်စေရန်လည်းကောင်း မေတ္တာပို့သအပ်ပါကြောင်း ဖော်ပြထားသည်။

အလားတူ သဝဏ်လွှာကို ရုရှားဝန်ကြီးချုပ် မစ္စတာ မီဟိုင်းယူ၊ ဗရက်ဒ်ကော့ဗ်ထံမှလည်း လက်ခံရရှိသည်။

### ပြင်သစ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ပြင်သစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာဂျက်ရှီရက်ထံမှ ပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံသူ နိုင်ငံသားများ တိုးတက်အောင်မြင်စေရန် ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း၊ အနာဂတ်ကာလတွင် မိမိတို့နှစ်နိုင်ငံ ဆက်ဆံရေးတိုးတက်လာမည်ဟု မျှော်လင့်ကြောင်း ဖော်ပြထားသည်။ (ကြေးမုံ)



❀ ၂၀၀၇ ခုနှစ်မှ

သတ်မှတ်ထားသော စုရပ်အသီးသီးတို့မှ အခမ်းအနားကျင်းပရာ မြို့တော်ခန်းမရှေ့ရင်ပြင်သို့ နံနက် ၆ နာရီတွင် ဝင်ရောက်နေရာယူကြသည်။

ထို့အတူ အခမ်းအနားကျင်းပရာ မြို့တော်ခန်းမရှေ့ ရင်ပြင်၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အထွေထွေအတွင်းရေးမှူး၊ အတွင်းရေးမှူးများနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဝန်ကြီးဌာန အသီးသီးတို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ ရုံးအဖွဲ့မှူးများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဒေသဆိုင်ရာညှိနှိုင်းရေးမှူးများ၊ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကျင်းပရေး ဆပ်ကော်မတီဝင်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ ပျဉ်းမနားခရိုင်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် တပ်ကုန်းမြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပညာရေးမှူးများ၊ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများမှ အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ အစိုးရမဟုတ်သော အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များကလည်း သတ်မှတ်နေရာအသီးသီး၌ နေရာယူကြသည်။

### နိုင်ငံတော်အလံလွှင့်တင်

ရှေးဦးစွာ နံနက် ၄ နာရီ မိနစ် ၂၀ တွင် ၂၀၀၇ ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို ကျင်းပရာ အလံတင်တပ်စုက နိုင်ငံတော်အလံကို လွှင့်တင်သည်။

ယင်းနောက် နံနက် ၇ နာရီတွင် ၂၀၀၇ ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကို ကျင်းပရာ တပ်မတော်(ကြည်း၊ရေ၊လေ) ဂုဏ်ပြုတပ်ဖွဲ့က မြို့တော်ခန်းမရှေ့ ရင်ပြင်သို့ ချီတက်နေရာယူကြသည်။

ဆက်လက်၍ ၂၀၀၇ ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနား ကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် ရောက်ရှိလာကာ စင်မြင့်ပေါ်၌ နေရာယူသည်။

ထို့နောက် တိုင်းမှူးက ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်သူလူထုကြီးက ပြည်ထောင်စု မြန်မာနိုင်ငံတော် အလံကို အလေးပြုကြရာ ဂုဏ်ပြုတပ်ဖွဲ့တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ဆက်လက်၍ ဂုဏ်ပြုတပ်ဖွဲ့က ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်များအား အလေးပြု၍ သစ္စာလေးချက်ကို ရွတ်ဆိုသည်။

### သဝဏ်လွှာဖတ်ကြား

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၇ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ၂၀၀၇ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော် အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားကျင်းပရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က ဖတ်ကြားသည်။

ထို့နောက် တိုင်းမှူးအား ဂုဏ်ပြုတပ်ဖွဲ့က အလေးပြုပြီး ဂုဏ်ပြုတပ်ဖွဲ့နှင့် အတူ ပြည်သူလူထုကြီးသည် မြို့တော်ခန်းမရှေ့ရင်ပြင်မှ ပြန်လည်ထွက်ခွာကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

## လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရန်ကုန်မြို့တော်စည်ပင် ဝန်ထမ်းမိသားစုများ အားကစားပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၄**

၂၀၀၇ ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းမိသားစုများ၏ အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများကို ယနေ့နံနက် ၆ နာရီမှစတင်၍ မရမ်းကုန်းမြို့နယ်ရှိ မင်းဓမ္မအားကစားပြိုင်ပွဲ ကွင်း၌ ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ်တို့ တက်ရောက်ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲများတွင် ထူးချွန်ဆု ရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ အားကစားပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအောက်ရှိ ဌာန ၂၀တို့မှ ဝန်ထမ်းမိသားစုများက အားကစားပြိုင်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲများ ကျင်းပအပြီးတွင် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါနှင့် ဇနီး ဒေါ်ခင်ညွန့်မြိုင်၊ အတွင်းရေးမှူး ဦးတင်စိုးနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ပြိုင်ပွဲ အသီးသီးအလိုက် ပထမ၊ ဒုတိယနှင့် တတိယဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

(သတင်းစဉ်)

## သီတဂူတရားပွဲ

**ရန်ကုန် ဇန်နဝါရီ ၄**

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက် ဓမ္မာရုံကြီးတွင် သီတဂူ အပြည်ပြည်ဆိုင်ရာ သာသနာပြုဗိမာန် အလှူတော် ရေစက်ချတရားပွဲ ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၈ ရက် ည ၇ နာရီတွင် သီတဂူ အဓိပတိ ဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရက ရေစက်ချတရား ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ (က–ပ)





### ကြည့်ရှုအားပေး

**မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်တို့ ၂၀၀၇ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဝန်ထမ်းများ၏ အသင်းလိုက် လွန်ဆွဲပြိုင်ပွဲကို ကြည့်ရှုအားပေးစဉ်။** (မြို့တော်စည်ပင်)





**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း စစ်တောင်း တူးမြောင်း တံတား တည်ဆောက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်၊**
(သတင်းစဉ်)

# ပဲခူးတိုင်းတွင် ယခုနှစ်နွေစပါး ကေလေးသိန်းကျော်စိုက်ရန် လျာထား စစ်တောင်းမြစ်ဝှမ်းနှင့် မြစ်မခမြစ်ဝှမ်းတွင် ရေလွှမ်းမှုကာကွယ်ရေး စိုက်ပျိုးမြေဖော်ထုတ်ရေးအစီအမံများ နိုင်ငံတော်က စတင်ဆောင်ရွက်နေ

နေပြည်တော် ဇန်နဝါရီ ၄

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဇန်နဝါရီ ၁ရက် နံနက် ၆နာရီတွင် နေပြည်တော်မှ မော်တော်ယာဉ်ဖြင့်ထွက်ခွာခဲ့ပြီး ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကိုကိုနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ပဲခူးမြို့မှတစ်ဆင့် ဝေါမြို့သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိကာ မြို့နယ်ခန်းမ၌ တိုင်း၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများအား တွေ့ဆုံသည်။**

## ရင်းရင်းနှီးနှီးနှုတ်ဆက်

ရှေးဦးစွာ ဝေါမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်နုက မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် စားနပ်ရိက္ခာဖူလုံစေရန်သာမက ပိုလျှံစေရန်ရည်ရွယ်၍ စိုက်ဧကများ တိုးချဲ့ခြင်း၊ သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် နည်းပေးလမ်းပြကူညီခြင်း၊ စိုက်ပျိုးရေ ရရှိအောင် ဆည်များ တည်ဆောက်ပေးခြင်း စသည့်စိုက်ပျိုးရေးကဏ္ဍ တိုးတက်စေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပဲခူးတိုင်းအနေဖြင့် သုံးနှစ်အတွင်း မိုးစပါးစိုက်ဧက သိန်း ၃၀ စိုက်ပျိုးနိုင်ရန် စီမံချက်ချမှတ်ဆောင်ရွက်ခဲ့ရာ ၂၀၀၆–၂၀၀၇ခုနှစ်တွင် မိုးစပါးစိုက်ဧက သိန်း ၃၀စိုက်ပျိုးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ နွေစပါးကိုလည်း ယခုနှစ်တွင် ယခင်နှစ်ကထက် ဧကတစ်သိန်းတိုးပြီး ဧကလေးသိန်းကျော်အထိ တိုးတက်စိုက်ပျိုးရန်လျာထားရာ ဝေါမြို့နယ်အနေဖြင့် တိုင်း၏ လျာထားချက်ပြည့်မီရေးအတွက် ကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း၊ ပဲခူးတိုင်း၌ရှိပြီးဖြစ်သော မြေသယံဇာတများကို အကျိုးရှိစွာအသုံးချ စိုက်ပျိုးနိုင်ရန် စစ်တောင်းမြစ်ဝှမ်းနှင့် မြစ်မခမြစ်ဝှမ်းတွင် ရေလွှမ်းမှုကာကွယ်ရေး၊ စိုက်ပျိုးမြေဖော်ထုတ်ရေး အစီအမံများကို နိုင်ငံတော်ကစတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ စပါး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံတို့ကို နှစ်သီးစားမှ သုံးသီးစားအထိ စိုက်ပျိုးနိုင်အောင် ကြိုးပမ်းကြရန် တိုက်တွန်းလိုကြောင်း၊ ထို့ပြင် ဒေသနှင့်ကိုက်ညီသည့် နှစ်ရှည်ပင်ဖြစ်သော သစ်ဆိမ့်ပင်၊ ငရုတ်ကောင်းနှင့်ဇီဝဒီဇယ်လောင်စာဆီ ထုတ်ယူနိုင်သည့် ခြိစည်းရိုးကြက်ဆူပင်များကို တစ်ပိုင်တစ်နိုင်မှ တစ်အုပ်တစ်မစိုက်ပျိုးကြရန်လိုကြောင်း၊ မွေးမြူရေးတွင်လည်း ဒေသကြက်ကို ဖိဖိစီးစီးဖြင့်မွေးမြူကြရန်လိုကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်တာဝန်ရှိသူများအနေဖြင့် မြို့နယ်အကျိုး၊ ပြည်သူ့အကျိုးကို တာဝန်သိသိ စေတနာနှင့် ဆောင်ရွက်ကြရန်နှင့် ဒေသခံပြည်သူများနှင့် လက်တွဲဆောင်ရွက်ကြရန်လိုကြောင်းဖြင့်ပြောကြားပြီးတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် စစ်တောင်းတံတား(မုပ္ပလင်) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိပြီး ရှင်းလင်းဆောင်၌ အင်ဂျင်နီယာမှူး ဦးကျော်လင်းကတံတားတည်ဆောက်ပြီးစီးမှုအခြေအနေများကိုရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားပြီး တံတားတည်ဆောက်ရေး အချောသတ်လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

## ရာခိုင်နှုန်းပြည့်ပြီးစီး

အဆိုပါ တံတားမှာ အရှည် ၂၃၉၂ ပေရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၈ပေ၊ ခွင့်ပြုယာဉ် အလေးချိန်မှာ တန် ၆၀ဖြစ်သည်။ စစ်တောင်းတံတား(မုပ္ပလင်)ကို ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၂၆ ရက်က စတင်ခဲ့ရာ ယခုအခါ ရာခိုင်နှုန်းပြည့်ပြီးစီးနေပြီး မကြာမီ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့်အဖွဲ့ဝင်များသည် ရန်ကုန်–ပဲခူး–မော်လမြိုင်လမ်း မိုင်တိုင်အမှတ်(၈၄/၃)ရှိ စစ်တောင်း(ဆတ်သွားကုန်း)–ဒိုက်ဦး ရထားဖြတ်လမ်းသစ်နှင့် ရန်ကုန်–ပဲခူး–မော်လမြိုင် ရထားလမ်းတို့၏ လမ်းခွဲဖြစ်သည့်ဆတ်သွားကုန်းဘူတာ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိ စစ်ဆေးရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးဖေသန်းက ဘူတာ တည်ဆောက်မှု အခြေအနေကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ရန်ကုန်–ပဲခူး–မော်လမြိုင်ကားလမ်း မိုင်တိုင်အမှတ်(၈၁/၄)သို့ ရောက်ရှိပြီး ယင်းမှတစ်ဆင့် ညောင်ခါးရှည်–ဒိုက်ဦး ကားလမ်းအတိုင်း ဆက်လက်ထွက်ခွာ၍ ဆတ်သွားကုန်းဘူတာနှင့် ဖက္ကလိပ်ဘူတာကြား ရထားသံလမ်းခင်းမှုကိုကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည်ဆက်လက်ထွက်ခွာခဲ့ရာ မိုင်တိုင်အမှတ် (၅/၂)ရှိ စစ်တောင်း–ဒိုက်ဦးရထားလမ်းသစ်ဖောက်လုပ်ရေးစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိပြီး ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် စီမံကိန်းအင်ဂျင်နီယာ ဦးဇော်မင်းဦးတို့က ရထားလမ်းသစ်ဖောက်လုပ်ပြီးစီးမှုနှင့် ဆောင်ရွက်ရန်ကျန်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လုပ်ငန်းများကို စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရေး မှာကြားသည်။

## ဖြတ်လမ်းမှဆက်သွယ်

အဆိုပါ ရထားလမ်းသစ်သည် ပဲခူး–မော်လမြိုင် ရထားလမ်းပေါ်ရှိ စစ်တောင်းတံတားအနီး ဆတ်သွားကုန်းဘူတာမှခွဲ၍ပဲခူးမြို့သို့ဝင်ရောက်ခြင်းမရှိဘဲ ရန်ကုန်–မန္တလေးလမ်းရှိ ဒိုက်ဦးမြို့သို့ ဖြတ်လမ်းမှ ဆက်သွယ်ပေးမည့် ရထားလမ်းသစ်ဖြစ်ပြီး ခရီးမိုင် ၄၀ လျော့နည်းသွားမည်ဖြစ်သည်။ စစ်တောင်း(ဆတ်သွားကုန်း)–ဒိုက်ဦး ရထားလမ်းသစ်ဖောက်လုပ်ပေးခြင်းဖြင့် ခရီးသွားပြည်သူများ မော်လမြိုင်မှနေပြည်တော်နှင့်မန္တလေးသို့ သွားရာတွင် ပဲခူးမြို့သို့ဝင်ရောက်ခြင်းမရှိဘဲ ၎င်းဖြတ်လမ်းကို အသုံးပြုပြီးသွားပါက ခရီးမိုင် ၄၀လျော့နည်းသွားမည်ဖြစ်၍ အချိန်တိုတိုဖြင့် ခရီးသွားလာနိုင်မည် ဖြစ်သည့်အပြင် ဒေသဖွံ့ဖြိုးရေးကိုလည်း များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့အား ပဲခူးတိုင်း ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာဦးဝင်းမောင်က ဒိုက်ဦး–ညောင်ခါးရှည်လမ်း မြေသားတာတမံမြင့်တင်မှု၊ ဂဝံခင်းပြီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ ဒိုက်ဦး–ညောင်ခါးရှည်ကားလမ်း ဖောက်လုပ်ခြင်းကြောင့် ရန်ကုန်–မော်လမြိုင်လမ်းနှင့်ရန်ကုန်–မန္တလေးလမ်းကို ဆက်သွယ်သွားလာရာတွင် ဘုရားကြီးလမ်းဆုံကို ပတ်၍ သွားခြင်းထက် ခရီးမိုင် ၂၄မိုင် လျော့နည်းသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် ဖောက်လုပ်ဆဲ ရထားလမ်းသစ်ပေါ်ရှိ စစ်တောင်းတူးမြောင်းတံတား တည်ဆောက်မှုလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းကလုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ရေးမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဒိုက်ဦး–ညောင်ခါးရှည်ကားလမ်းတစ်လျှောက် အောင်မြင်ဖြစ်ထွန်းနေသည့် မတ်ပဲနှင့် ပဲတီစိမ်းစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး ရွှေကျင်မြို့သို့ရောက်ရှိသည်။ (သတင်းစဉ်)





**တောင်ဥက္ကလာပ မြို့နယ် (၅၉) နှစ်မြောက်လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ၄ရက်က မြို့နယ် အစည်းဝေးခန်းမတွင် ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်စိန်ဖတ်ကြားစဉ်။** (၆၃)

# မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၅–၁–၂၀၀၇ (သောကြာနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၅ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈း၁၀ ၆။ တံတားမြစ်ငယ်အသစ်သွယ် လူမှုစီးပွားကြွယ်
၈း၂၀ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈း၃၀ ၈။ International News.
၈း၄၅ ၉။ English for Everyday Use.
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၃၀ ၃။ Practice in Reading
၄း၄၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၄း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅း၁၀ ၆။ မြန်မာစာ၊ မြန်မာစကား
၅း၂၀ ၇။ **"ပေါင်ပေါ်ကျတဲ့မီး"** (ရဲအောင်၊ ထွန်းထွန်းနိုင်၊ ညီညီမင်းထက်၊ ဘုန်းလျံ၊ ဟန်နီထွန်း၊ ဝိုင်းစုခိုင်သိန်း) (ဒါရိုက်တာ–မောင်မောင်မြင့်လွင်၊ မင်းအုပ်စိုး)
၅း၃၀ ၈။ နှောင်းခေတ်တေးပဒေသာ
၅း၄၅ ၉။ စိန်ရတုအထိမ်းအမှတ် ပန်းပွဲတော်နွဲ့ကြတူပျော်ပျော်
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
၇း၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆိုသည်မှာ"(အပိုင်း–၁၁)**
၇း၄၅ ၁၄။ အချုပ်အခြာအာဏာ ခွန်ရှည်ကြာ ခိုင်မာစေမှု ဒို့ရေးရှု **"ပြည်သူ့အားမာန်ဆည်တမံ"**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အကြင်နာရွှေဦး" (အပိုင်း–၁)**
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

# မြန်မာပီဂျီအေနှင့် အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့ဆက်လက်ကျင်းပ

Myanmar PGA
&
Myanmar Golf Federation
President Cup
2007

ရန်ကုန် ဇန်နဝါရီ ၄

မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပသော ၂၀၀၇ခုနှစ် မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီတွင် ပဲခူးတိုင်း ပဲခူးမြို့နယ် ဆယ်မိုင်ကုန်းရှိ Hanthawaddy Golf and Country Club ၌ ဆက်လက်ကျင်းပရာ Professional Golfer သိန်းဇော်မြင့်နှင့် Amateur Golferဘိုဘိုတို့က တတိယနေ့ပြိုင်ပွဲတွင် ဦးဆောင်ကစားလျက်ရှိကြသည်။

တတိယနေ့ ၁၈ကျင်းပြိုင်ပွဲအပြီးတွင် Professional Golfer's ပြိုင်ပွဲ၌ သိန်းဇော်မြင့် (K.M Golf Centre) က သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်လျော့ရိုက်ပြီး ၇၂+၇၃+၇၀ ပေါင်း ၂၁၅ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

နိုင်နိုင်လင်း (K.M Golf Centre)က ၇၇+၆၇+၇၁ ပေါင်း ၂၁၅ချက်ဖြင့် ဒုတိယလိုက်ပြီး စိုးကျော်နိုင်(Srixon)က ၇၃+၇၄+၇၃ ပေါင်း ၂၂၀ ဖြင့် တတိယလိုက်နေသည်။

အမျိုးသားအပျော်တမ်းပြိုင်ပွဲတွင် ဘိုဘိုကပင် ၇၂+၇၂+၇၅ ပေါင်း ၂၁၉ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိပြီး အောင်ဝင်းက ၇၃+၇၁+၇၈ ပေါင်း ၂၂၂ ချက်ဖြင့် ဒုတိယလိုက်ကာ ကျော်သီဟက ၇၆+၇၃+၇၄ ပေါင်း ၂၂၃ ချက်ဖြင့် တတိယလိုက်နေသည်။

အမျိုးသမီးအပျော်တမ်းပြိုင်ပွဲ၏ ဒုတိယနေ့ ၁၈ကျင်းပြိုင်ပွဲအပြီးတွင် Youna Bankက သတ်မှတ်ရိုက်ချက်ထက်တစ်ချက်လျော့ရိုက်ပြီး ၇၁+၇၁ ပေါင်း ၁၄၂ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

So Hyun Choက ၇၃+၇၀ ပေါင်း ၁၄၃ချက်ဖြင့် ဒုတိယလိုက်ပြီး မြင့်မြင့်သိန်းက ၇၃+၇၄ ပေါင်း ၁၄၇ချက်ဖြင့် တတိယလိုက်နေသည်။

ယင်းပြိုင်ပွဲတွင် K.M Golf Centre, Srixon, Point Golf Shop, Yamato Golf Shop, Grand Royal Special Reserve Whisky, Imperial Jade Purified Drinking Water, Golf World Trophy and Golf Accessories, Hanthawaddy Golf and Country Club, တို့ကလည်း အသီးသီးပံ့ပိုးကူညီကြပြီး ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Organized By Han Event Management က တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည်။

ဇန်နဝါရီ ၅ရက် နံနက် ၇ နာရီတွင် စတုတ္ထနေ့ ၁၈ ကျင်းပြိုင်ပွဲနှင့် အပျော်တမ်းအမျိုးသမီးပြိုင်ပွဲ၏ တတိယနေ့ ၁၈ကျင်းပြိုင်ပွဲများကို ယင်းဂေါက်ကလပ်၌ပင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဂုဏ်ထူးဆောင်တံဆိပ်များ အပ်နှင်း

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ**
**အမိန့်ကြော်ငြာစာ**
**အမှတ် ၂/၂၀၀၇**
**၁၃၆၈ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်**
**(၂၀၀၇ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)**

**ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်တံဆိပ်များကို အပ်နှင်းလိုက်ပါသည်–**

**(ယမန်နေ့မှအဆက်)**

## လူမှုထူးချွန်တံဆိပ်(ပထမဆင့်)

၁။ မဆွေဆွေသန့်၊ ကစားသမား၊ မြန်မာနိုင်ငံဂူရှူးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၂။ ဦးသိန်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားဝန်ကြီးဌာန

၃။ ဦးချစ်ခိုင်၊ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၄။ ဦးတင်မောင်၊ ဟွန်ဒါ(မြန်မာ)ကုမ္ပဏီ၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း

၅။ သီရိသုဓမ္မ မဏိဓောတရေ၊ သီဟသုဓမ္မမဏိဓောတရေ ဦးခင်မြင့်၊ စံရွေးတန်းလမ်း၊ သုံးဆယ်မြို့၊ သာယာဝတီမြို့နယ်၊ ပဲခူးတိုင်း (အနောက်ပိုင်း)

၆။ ဦးမြင့်ကျော်၊ ဦးစီးမှူး(ဒုတိယတန်း)၊ ခရိုင်ကြက်ခြေနီကြီးကြပ်မှုကော်မတီ၊ ရွှေဘိုခရိုင်၊ ရွှေဘိုအနောက်ဈေးရပ်၊ အမှတ်(၄)နယ်မြေ၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်း

၇။ ဦးအေးသန်း၊ စက်မှုကျွမ်းကျင်(၄)၊ ဒလသင်္ဘောကျင်းဌာနခွဲ၊ အင်ဂျင်နီယာဌာန၊ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး၊ ပို့ဆောင်ရေးဝန်ကြီးဌာန

၈။ ဦးကောလင်း၊ လက်ထောက်ကြီးကြပ်ရေးမှူး(ရထားထိန်း)၊ သွားလာပို့ဆောင်ရေးဌာန၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန

၉။ ဦးမျိုးဆွေ၊ ဌာနစိတ်မှူး၊ မြန်မာ့ရေနံထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ပင်မရေနံသိုလှောင် ဖြန့်ဖြူးရေးဌာနကြီး(ခ)အဆင့် မန္တလေးမြို့၊ စွမ်းအင်ဝန်ကြီးဌာန

၁၀။ (လ/၇၂၆၄၀)ရဲတပ်ကြပ်ကြီးမြင့်သန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ်(၅)ရဲတပ်ရင်း၊ ရွှေပြည်သာမြို့၊ ပြည်ထဲရေးဝန်ကြီးဌာန

၁၁။ (၅၇၆၂၃၅)ဒုအရာခံဗိုလ်မြင့်ဇော်၊ ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုတပ်ဖွဲ့၊ ပစ္စည်းထိန်းတပ်၊ ကာကွယ်ရေးဝန်ကြီးဌာန

၁၂။ ဦးဇော်ဝင်း၊ ဦးစီးအရာရှိ၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

၁၃။ ဦးလှအောင်၊ စာပို့လုလင်၊ အထွေထွေစီမံခန့်ခွဲရေးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန

၁၄။ ဦးဇော်ဝင်း၊ တာယာလုပ်ငန်း၊ အောင်နန်းအရှေ့၊ အကွက်(၅၅၃) ၃၄ X ၃၅ လမ်းကြား၊ ၈၂ X ၈၃ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း

၁၅။ ဦးလှရွှေ၊ အုပ်စုမှူး(တ)၊ မြေအောက်ဓာတ်ကြိုးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

၁၆။ ဦးကျော်ဆန်း၊ စက်ရုံမှူး(ဆပ်ပြာစက်ရုံ–မကွေး)၊ ဆပ်ပြာဝန်ထမ်းအိမ်ရာ၊ မကွေးမြို့၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန

၁၇။ ဦးအေးမင်း၊ နည်းပြ ၅၈၅၊ မွန်ပြည်နယ်၊ ကြက်ခြေနီကြီးကြပ်မှုကော်မတီ အမှတ်(၁၂)၊ သံလွင်ဥယျာဉ်လမ်း၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်

၁၈။ ဦးလှမြင့်၊ အရောင်း–၄၊ ခရီးသည်ပို့ဆောင်ရေးဌာနခွဲ(အဝေးပြေး)၊ ကုန်းလမ်းပို့ဆောင်ရေး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန

၁၉။ ဦးကျော်ငွေ၊ သစ်စက်အဆင့်(၄)၊ အမှတ်(၈)သစ်စက်၊ မြန်မာ့သစ်လုပ်ငန်း၊ လှိုင်မြို့နယ် သစ်တောရေးရာဝန်ကြီးဌာန

၂၀။ ဦးစိုးသိန်း လက်ထောက်ကြီးကြပ်ရေးမှူး(သစ်ခွဲစက်) အမှတ်(၆)(ခ)သစ်စက် ဝါးတရာရွှေပြည်သာ သစ်တောရေးရာဝန်ကြီးဌာန

၂၁။ ဦးသိန်းမြင့်၊ ဌာနစိတ်မှူး(လုံခြုံရေးဌာန)၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေး ဌာနကြီး(က)အဆင့်၊ စွမ်းအင်ဝန်ကြီးဌာန

၂၂။ ဦးဦးမြင့်၊ ကုန်သည်နှင့်(ရှိုင်းဟုပ်)ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း (၁၈)ယုဇနလမ်း၊ ချမ်းသာရပ်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်

၂၃။ ဦးလှသော်၊ထုတ်လုပ်ရေးကျွမ်းကျင်(၅)၊ကုန်ထုတ်၊ အမှတ်(၁)ဓာတ်ငွေ့စက်ရုံ၊အမှတ် (၅)သန်လျက်စွန်းလမ်း၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန

၂၄။ ဦးသောဘဏ၊ သံဃာတော်၊ ဓမ္မိစ္ဆာသယတောရကျောင်း၊ ဂျူပွင်ကျေးရွာ၊ မြင်းခြံမြို့နယ် မန္တလေးတိုင်း

၂၅။ ဦးတိုးကြွယ်၊ ဌာနခွဲစာရေး၊ မှုခင်းရေးရာဌာနစု၊(မြန်မာနိုင်ငံအောက်ပိုင်း) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန

၂၆။ ဦးအုန်းမောင်၊ စက်မှုကျွမ်းကျင်–၃၊ ဆင်မလိုက်သင်္ဘောကျင်း၊ ယန္တရား၊မြန်မာ့သင်္ဘောကျင်းလုပ်ငန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန

၂၇။ ဦးအေးကျော်စိုး၊ အရောင်းအဝယ်၊ ၁၇/၁၆၅၊ ပစ္ဆိမာရုံကွက်သစ်၊ ညောင်ပင်ထောင်ရပ်ကွက်၊ အောင်ပန်းမြို့၊ကလောမြို့နယ်၊ရှမ်းပြည်နယ်

၂၈။ ဦးစိန်ဝင်း၊ စက်မှုကျွမ်းကျင်(၅)၊ မြန်မာ့မီးရထား၊ မြို့ပြအင်ဂျင်နီယာဌာန၊ အလုပ်ရုံ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန

၂၉။ ဦးစိန်ပေါ၊ အလုပ်ရုံစိတ်မှူး၊ ဆပ်ပြာစက်ရုံအမှတ်(၁)၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန

၃၀။ ဦးအောင်ခင်မြင့်၊ အလုပ်ရုံစိတ်မှူး၊ ဆပ်ပြာစက်ရုံအမှတ်(၁)၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန

၃၁။ ဦးကျော်မင်း၊ ဒုတိယလက်ထောက်ကြီးကြပ်ရေးမှူး၊ အမှတ်(၇၆)သစ်စက်၊ မြန်မာ့သစ်လုပ်ငန်း၊ မန္တလေးတိုင်း(၁)၊ မန္တလေးမြို့၊ သစ်တောရေးရာဝန်ကြီးဌာန

၃၂။ ဦးတင်အေး၊ လက်ထောက်ကြီးကြပ်ရေးမှူး(သစ်ခွဲစက်)၊အမှတ်(၈)၊သစ်စက်၊ မြန်မာ့သစ်လုပ်ငန်း၊ လှိုင်မြို့နယ်၊ သစ်တောရေးရာဝန်ကြီးဌာန

၃၃။ ဦးသန်းအောင်၊ အရောင်းအဝယ်၊မြို့ဦးရပ်၊ မြောက်ပိုင်းရပ်ကွက်၊ ပုလဲမြို့၊ မုံရွာခရိုင်၊ စစ်ကိုင်းတိုင်း

၃၄။ ဦးကျော်ဟန်၊ဒု–လက်ထောက်ဦးစီးမှူး၊ ဆည်မြောင်းဦးစီးဌာန၊ရုံးချုပ်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

၃၅။ ဦးဝင်းမောင်၊ လုပ်သား(အထွေထွေ)၊ ကုန်းလမ်းပို့ဆောင်ရေး၊ ကုန်စည်ပို့ဆောင်ရေးဌာနခွဲ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန

၃၆။ ဦးအောင်မော်၊ ဈေးသည်၊ အကွက်(၆၂၁)၊ ဟေမာဇလရပ်ကွက်၊ လမ်း (၈၀)၂၉X၃၀ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း

၃၇။ ဦးကျော်ကျော်၊ လက်ဖက်ရည်ဆိုင်၊ အကွက်(၂၄၅)၊ သီရိဟေမာအရှေ့၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း

၃၈။ ၁၉၈၂၃–အရာခံဗိုလ်စိုးအောင်၊ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊တာဝန်ဌာနစု(တာဝန်–၂)၊ ကာကွယ်ရေးဝန်ကြီးဌာန

၃၉။ ဦးအေးသိန်း၊ ဂိတ်မှူး၊ ပို့ဆောင်ရေးအမှတ်(၆)၊ အမှတ်(၂၇၅)၊ ၃၂လမ်း၊ ရုံးကြီးရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း

၄၀။ ဦးငွေအောင်၊ လျှပ်စစ်အရန်လုပ်ငန်း ပညာသည်အဆင့်(၁)၊ အလုံဓာတ်အားပေးစက်ရုံ၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

၄၁။ ဦးလှမြင့်စိုး၊ ဒု–လုပ်သား၊ စက်မှုအင်ဂျင်နီယာဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန

## လူမှုထူးချွန်တံဆိပ်(ဒုတိယဆင့်)

၁။ ဦးမြတ်သူ (တက္ကသိုလ်မြတ်သူ) အကြံပေးအရာရှိ၊ ပြန်ကြားရေးဝန်ကြီးဌာန

၂။ ဦးစိုးသိန်း၊ အကြံပေးအရာရှိ၊ ပြန်ကြားရေးဝန်ကြီးဌာန

၃။ ဦးတင်ဆန်း၊ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၄။ ဦးထွန်းထွန်း၊ ဒုဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၅။ မယဉ်ယဉ်ခိုင်၊ ကစားသမား၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၆။ မောင်ဖုန်းမြင့်တေဇာ၊ ကစားသမား၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၇။ မောင်စိုးမြတ်မင်း၊ကစားသမား၊မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၈။ မောင်အောင်မြင့်အေး၊ ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၉။ ဦးဆန်းဝင်း၊ နည်းပြ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၁၀။ ဦးကြည်လွင်၊ အကူနည်းပြ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၁၁။ မောင်ဇော်ထက်အောင်၊ ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၁၂။ မောင်ကျော်ဇေယျာမင်း၊ ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၁၃။ မောင်စည်သူဝင်း၊ ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၁၄။ မောင်မိုးဝင်း၊ ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၁၅။ မောင်အောင်မျိုးသန့်၊ ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၁၆။ မောင်စိုးသီဟအောင်၊ ကစားသမား၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ အားကစားဝန်ကြီး ဌာန

၁၇။ မနော်အားလယ်လားရှီး၊ ကစားသမား၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၁၈။ မသိန်းငွေဝင်း၊ ကစားသမား၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၁၉။ မခင်မာဦး၊ ကစားသမား၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၂၀။ မအေးမိခိုင်၊ ကစားသမား၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၂၁။ မောင်ကြူး၊ ကစားသမား၊ မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၂၂။ မမြစန္ဒာဦး၊ ကစားသမား၊ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်၊ အားကစားဝန်ကြီးဌာန

၂၃။ ဦးမြတ်ဦး၊ အမျိုးသားညီလာခံတိုင်းရင်းသားလူမျိုးကိုယ်စားလှယ် ဗဟိုအလုပ်အမှုဆောင်(အစိုးရခန့်)မြန်မာနိုင်ငံငါး လုပ်ငန်းအဖွဲ့ချုပ်နာယက၊ ကဏန်းလုပ်ငန်းရှင်များအသင်း၊ ရန်ကုန်တိုင်း

၂၄။ ဦးအောင်တင်၊ စစ်မှုထမ်း(ငြိမ်း)၊ တိုက်(၁၆/၁)၊ဘော်စင်လမ်းသွယ်(၂)၊ သုဝဏ္ဏ–၂၄ရပ်ကွက်၊သင်္ဃန်းကျွန်းမြို့နယ်၊ရန်ကုန်တိုင်း

၂၅။ ဦးသောင်းစိန်၊ လုပ်သားမှူး(တွဲချိတ်ကြီး)၊ သွားလာပို့ဆောင်ရေးဌာန၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန

၂၆။ ဒေါ်ခင်အေးမြင့်၊ တပ်ခွဲမှူး၊ အမျိုးသမီးတပ်ခွဲ(၂)၊ ကြက်ခြေနီတပ်ဖွဲ့ အနောက်ဈေးရပ်၊ အမှတ်(၄)နယ်မြေ၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်း

၂၇။ ဦးမောင်မောင်၊စက်ခန်းအုပ်(တ)၊ ရေနံနှင့်ရေနံဓာတုဗေဒပစ္စည်းများ သယ်ယူပို့ဆောင်ရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန

၂၈။ ဒေါ်အေးအေးမြင့်၊ (၂၁)၊ ဦးအောင်ဘွင့်လမ်း၊(သမိုင်း)၊(၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း

၂၉။ ဦးကျော်သန်း၊ အရောင်းအဝယ်၊ အမှတ်(စီ/၂၉)၊မဟာမြိုင်အပိုင်း(၂)၊ ၃၅X ၃၆ကြား၊ ၆၃X၆၄လမ်းကြား၊ ဥယျာဉ်တန်းရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း

၃၀။ ဦးသန်းစိုး၊ ရုံးအကူ/စာပို့၊ ဝန်ကြီးရုံး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

၃၁။ ဦးဝင်းမြင့်ထွန်း၊ လက်ထောက်ကြီးကြပ်ရေးမှူး၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

၃၂။ ဦးသန်းစိုး၊ ယာဉ်မောင်းအဆင့်(၂)၊ရေနံနှင့်ရေနံဓာတုဗေဒပစ္စည်းများ သယ်ယူပို့ဆောင်ရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန

၃၃။ ဦးထေရိန္ဒက၊ သံဃာတော်၊အမှတ်(၄)၊သီရိမင်္ဂလာလမ်း၊သိမ်ကျောင်း၊ မဟာရာဇိကာရုမ်ကျောင်းတိုက်၊အောင်ချမ်းသာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ရန်ကုန်တိုင်း

၃၄။ ဦးကြည်ထွန်း၊ လုပ်သားမှူး၊(တွဲချိတ်ကြီး)၊ သွားလာပို့ဆောင်ရေးဌာန၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန

၃၅။ ဦးအောင်ကျော်မြင့်၊ စက်မှုကျွမ်းကျင်(၃)၊ ကြီးကြပ်(၁)ကုန်စည်ပို့ဆောင်ရေးဌာနခွဲ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ကုန်းလမ်းပို့ဆောင်ရေး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန

၃၆။ ဦးမျိုးဝင်း၊ စက်မှုကျွမ်းကျင်(၃)၊ ပလိပ်ချည်မျှင်အထည်နှင့်အချောကိုင်စက်ရုံ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန

၃၇။ ဦးမောင်မောင်အေး၊ ထုတ်လုပ်မှုကျွမ်းကျင်(၄)၊ ပလိပ်ချည်မျှင်အထည်နှင့်အချောကိုင်စက်ရုံ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန

၃၈။ ဦးဝင်းဖေ၊ ကုန်သည်၊ည/၁၆၇၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ညောင်ဖြူစခန်းရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်

၃၉။ ဦးသိန်းစိုး (၆၉၆၀)၊ဖြန့်ဖြူးရေးဝန်ထမ်း(ပထမ)မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ရန်ကုန်တိုင်း(အရှေ့ပိုင်း)၊ စွမ်းအင်ဝန်ကြီးဌာန

၄၀။ ဦးနီတွတ်၊ အမှုတွဲ ထိန်းစာရေး၊ ငွေစာရင်းဦးစီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

၄၁။ ဦးခင်မောင်ဇော်၊ ဌာနစိတ်မှူး၊ ပို့ဆောင်ရေးဌာနစု၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့

၄၂။ ဒုအရာခံဗိုလ် ဝင်းစိန်(၁၉၆၁၈)၊ တာဝန်ဌာနစု(တာဝန်–၂)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)၊ကာကွယ်ရေးဝန်ကြီးဌာန

၄၃။ ဦးတင်လှ၊ စာရေးဝန်ထမ်းအဆင့်(၂)၊ ပြည်သူ့ဆေးရုံ၊ သနပ်ပင်မြို့၊ ကျန်းမာရေးဝန်ကြီးဌာန

၄၄။ ဦးတင်သောင်း၊ ဒုတိယဦးစီးမှူး၊ လုံခြုံရေးဌာန၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန

၄၅။ ဦးလှအေး၊ ဈေးရောင်း၊အမှတ်(၅၂၇)မင်းလမ်း၊ လိပ်ပြာကန်ရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း

၄၆။ ဆရာတော်မွန်အရှင်မဟောသဓ၊ သာသနာ့ဝန်ထမ်း၊ ခရားအပြင်ကျောင်း၊ ဘားအံမြို့၊ ကရင်ပြည်နယ်

၄၇။ ဦးလှမြင့်၊ ကြက်ခြေနီဒုတိယတပ်ရင်းမှူး၊ အမှတ်(၈၀)တောလမ်း၊ ဘောဂရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်း

၄၈။ ဦးခင်ရွှေ၊ ကျွမ်းကျင်(၄)၊ စက်မှုရန်ကုန်ဒီဇယ်စက်ခေါင်းပြင်စက်ရုံ၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန

၄၉။ ဦးလှမြင့်၊ စက်ခေါင်းမှူး(၂)၊ ဒီဇယ်စက်ခေါင်းပြင်စက်ရုံ၊မလွှကုန်း၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန

၅၀။ ဦးမျိုးညွှန့်၊ကျွမ်းကျင်(၅)၊ စက်မှုရန်ကုန်ဒီဇယ်စက်ခေါင်းပြင်စက်ရုံ၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန

၅၁။ ဦးမောင်ကြီးသန်း၊ ဓာတ်ခွဲခန်းကျွမ်းကျင်(၁)၊ ဇီဝကမ္မဗေဒဌာန၊ ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ ကျန်းမာရေးဝန်ကြီးဌာန

၅၂။ ဦးခင်မောင်ထွေး၊ဒု–ပုံဆွဲစာရေး၊ ဘူမိဗေဒဌာန၊ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန

၅၃။ ဦးဦးကြည်၊ ဒုပစ္စည်းစစ်၊ ဗဟိုပစ္စည်းထိန်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန

၅၄။ အရှင်ဂုဏဝံသာလင်္ကာရ(ပထမကြီး)၊ ကျောင်းတိုက်ဦးစီးပဓာနနာယကစာချဆရာတော်နှင့် ဗုဒ္ဓသာသနာပြု စူဠာမုနိပရိယတ္တိစာသင်တိုက်၊ နယ်မြေ(၈)၊ ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်

၅၅။ ဦးတင်မြင့်၊ လျှပ်စစ်ကျွမ်းကျင်(၃)၊ မန္တလေးအမှတ်(၁)အရက်ချက်စက်ရုံ အမှတ်(၁)စက်မှုဝန်ကြီးဌာန

၅၆။ ဦးမြသိန်း၊ မီးသတ်တပ်ကြပ်၊ သစ်လုံးဌာနစိတ်၊ အမှတ်(၂)အထပ်သားစက်ရုံ၊ သစ်တောရေးရာဝန်ကြီးဌာန

၅၇။ ဦးဝင်းမောင်၊ လုပ်သားမှူး၊လုံခြုံရေးဌာနစိတ်၊ အမှတ်(၂)အထပ်သားစက်ရုံ၊ လှိုင်မြို့နယ်၊ သစ်တောရေးရာဝန်ကြီးဌာန

၅၈။ ဦးအုန်းလှိုင်၊ လက်ထောက်ကြီးကြပ်(သစ်ခွဲစက်)၊ အမှတ်(၄)ပရိဘောဂစက်ရုံ၊ သုဝဏ္ဏ၊ သစ်တောရေးရာဝန်ကြီးဌာန

၅၉။ ဦးမြင့်ကြည်၊ ကျွမ်းကျင်လုပ်သား၊ သင်္ဘောတင်ဌာန၊ အမှတ်(၁)သစ်စက်၊ ကြည့်မြင်တိုင်၊ သစ်တောရေးရာဝန်ကြီးဌာန

၆၀။ ဦးဝင်းငွေ၊ အရောင်းအဝယ်၊ အကွက်(၂၀)၊ ဥပုသ်တော်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း

၆၁။ ဦးဇော်မင်း၊ ဈေးရောင်း၊ ဃ–၂/၃၈(က)၊ ၆၂လမ်းX ၆၄ လမ်းကြား၊ သော်ကလမ်း၊ မြို့သစ်အမှတ်(၄)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်း

၆၂။ ကြည်း–၁၈၉၇၃၊ ဒုတိယဗိုလ်မှူးကြီးလှငွေ၊ တပ်ရင်းမှူး၊ အမှတ်(၁၀) လျှပ်စစ်နှင့် စက်မှုအင်ဂျင်နီယာတပ်ရင်း၊ ပုသိမ်မြို့၊ ကာကွယ်ရေးဝန်ကြီးဌာန

၆၃။ ၄၄၁၂၆၄၊ အရာခံဗိုလ်/စာရေးကံညွှန့်၊အမှတ်(၃)စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန

**(ဆက်လက်ဖော်ပြပါမည်)**






# (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြု ပထမအကြိမ် နေပြည်တော် မာရသွန်အပြေးပြိုင်ပွဲကျင်းပ

**ပထမအကြိမ် နေပြည်တော် မာရသွန်အပြေးပြိုင်ပွဲ အလွတ်တန်းနှင့် လူသစ်တန်း အပြေးပြိုင်ပွဲတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ပြိုင်ပွဲကို စတင် တာလွှတ်ပေးစဉ်။**

(သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၄

**၂၀၀၇ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့်လည်းကောင်း၊ အမျိုးသားအားကစား အဆင့်အတန်းမြှင့်တင်ရေးကို ပြည်သူများ ကျန်းမာကြံ့ခိုင်ရေးအတွက်လည်းကောင်း၊ နိုင်ငံနှင့် လူမျိုး၏ ဂုဏ်သိက္ခာ တိုးတက်မြင့်မားရေးအတွက်လည်းကောင်း ရည်မှန်း၍ အမျိုးသားရေးစိတ်ဓာတ် အပြည့်အဝဖြင့် ဝိုင်းဝန်းပူးပေါင်း အားထုတ်ကြိုးပမ်းဆောင်ရွက်သွားရန် ဟူသည့် ရည်ရွယ်ချက်ဖြင့် အားကစားဝန်ကြီးဌာနက ကြီးမှူး၍ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်နှင့် ပူးပေါင်းကျင်းပသည့် ပထမအကြိမ် နေပြည်တော် မာရသွန်အပြေးပြိုင်ပွဲ အလွတ် တန်းနှင့် လူသစ်တန်း အပြေးပြိုင်ပွဲကို ယနေ့နံနက် ၅နာရီတွင် နေပြည်တော် မြို့မဈေးရှေ့၌ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်၍ နှုတ်ခွန်းဆက်စကား ပြောကြားပြီး ပြိုင်ပွဲကို စတင်တာလွှတ်ပေးသည်။**

ထို့နောက် ပြိုင်ပွဲ ပွဲစဉ်များအလိုက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို မြို့မဈေး ပန်းဝင်သည့်နေရာ၌ ကျင်းပရာ ရှေးဦးစွာ မာရသွန်အလွတ်တန်း(ကျား) ပြိုင်ပွဲတွင် ပထမဆုရ တင်ဆောင်ဝင်း (ပဲခူးတိုင်း အမှတ်(၁) စက်မှုဝန်ကြီးဌာန)၊ ဒုတိယဆုရ စိုးနိုင်(ဧရာဝတီတိုင်း ကာကွယ်ရေးဝန်ကြီးဌာန)နှင့် တတိယဆုရ ဇော်ဇော်လင်း (အားကစားဝန်ကြီးဌာန)တို့အား ပြိုင်ပွဲကျင်းပရေးကော်မတီ အတွင်းရေးမှူး အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးမောင်ဝင်းက လည်းကောင်း၊ အလွတ်တန်း(မ)ပြိုင်ပွဲတွင် ပထမဆုရ နီလာဆန်း(မန္တလေးတိုင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)၊ဒုတိယဆုရ သော်သော်ဝင်းသိန်း (ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ) နှင့် တတိယဆုရ သီတာချို (ပဲခူးတိုင်း ပြည်ထဲရေးဝန်ကြီးဌာန) တို့အား ညွှန်ကြားရေးမှူး ဦးကျော်စိုးမြင့်က လည်းကောင်း၊ ပြည်နယ်၊ တိုင်းအဆင့်ပြိုင်ပွဲတွင် ပထမဆုရ တင်ဆောင်ဝင်း (ပဲခူးတိုင်း)၊ ဒုတိယဆုရ စိုးနိုင် (ဧရာဝတီတိုင်း)နှင့် တတိယဆုရ သန်းဦး (ရှမ်းပြည်နယ်တောင်ပိုင်း) တို့အား ညွှန်ကြားရေးမှူး ဦးနော်တောင်က လည်းကောင်း၊ လူသစ်တန်းပြိုင်ပွဲတွင် ပထမဆုရ သဲမောင်(လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန)၊ ဒုတိယဆုရ အောင်ထက်နိုင် (သတ္တုတွင်းဝန်ကြီးဌာန)နှင့် တတိယဆုရ သန်းလွင်ဦး (ဆောက်လုပ်ရေးဝန်ကြီးဌာန) တို့အား ဒုတိယညွှန်ကြားရေးမှူး ဦးအုန်းမြင့်ဦးက လည်းကောင်း ဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက်ပြိုင်ပွဲ ပွဲစဉ်များအလိုက် ၁ မှ၁၀အထိ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများကို ဆက်လက်ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ မာရသွန်အလွတ်တန်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၆၀ နှင့် လူသစ်တန်း ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၂၀၀ စုစုပေါင်းပြိုင်ပွဲဝင် အားကစားသမား ၂၆၀တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

(သတင်းစဉ်)

## The LIVE NEWS ဂျာနယ် အမှတ်စဉ်(၁၈) ဖြန့်ချိ

**ရန်ကုန် ဇန်နဝါရီ ၄**

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The LIVE NEWS ဂျာနယ် အမှတ်(၁၈) ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။

တရားကျင့်ကြံ ဆုကြီးပန်သူဟု အများက ယုံကြည်ယူဆခြင်းခံရသူ လူငယ်လေး၊ အသားအရေလျော့တွဲမှုကို ချုပ်ရိုးရာမရှိ ကုသနိုင်ပြီ၊ ကောဇာ စနေဂြိုဟ် အယုဒ္ဓယမြို့နှင့် နခုန်ဆဝမ်မြို့ ကောင်းကင်ယံကို ဖြတ်သန်းမည်၊ မြန်မာ ITဆရာများနှင့် အင်ဂျင်နီယာများအတွက် ဂျပန်မှ Instructor ကိုယ်တိုင်လာရောက်သင်တန်းပို့ချမည်၊ ဗန်ကောက်မြို့တော်မှ သွေးစွန်းသည့်နှစ်သစ်ကူး၊ ခနရှင် ဆာဒူးကြီး (သို့မဟုတ်) အဝတ်အစား မကပ်သည့် အထည်စက်ရုံပိုင်ရှင်၊ ဆက်ဒမ်ဟူစိန်၏ နောက်ဆုံးမှာတမ်း၊ တရုတ်နိုင်ငံတွင် မြေလျှင်ကြိုတင်သတိပေးစနစ်အဖြစ် မြွေများကိုစမ်းသပ်လေ့လာ၊ ခြေလျင်တောင်တက် ဘုရားဖူးထွက်ရအောင်၊ ပြန်လှည့်မကြည့်ချင်သည့် ၂၀၀၆ ပုံရိပ်များ၊ ဆီမီးတောက်ဥ၊ ကိုရီးယားရုပ်ရှင်ကြိုတင်ဇာတ်လမ်းများ စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာ ကဏ္ဍများကို ဆင်ဖြူကျွန်းအောင်သိန်း၊ မြင်းမူမောင်နိုင်မိုး၊ ကိုကိုလှိုင်၊ တက္ကသိုလ်မောင်မြုတေ၊ မောင်ဩသျှင်နှင့် အမြို့မြို့အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာဆရာများက ပါဝင်ရေးသားတင်ဆက်ထားသည်။

The LIVE NEWS ဂျာနယ်သို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စ ဆောင်ရွက်လိုသူများသည် အမှတ်(၃၁၀)၊ ဝါးတန်းလမ်း၊ မြေညီထပ်၊ အခန်း(၀၀၄)၊ လမ်းမတော်မြို့နယ်၊ ဖုန်း–၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။

(က–ပ)

**(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ရက်က တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင်ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိန်မောင်ဝင်း ဖတ်ကြားစဉ်။**

(ဝ၈)





## မိုးရာသီဘဏ်ချေးငွေ ပြန်လည်ကောက်ခံရေးမှာကြား

**ရန်ကုန် ဇန်နဝါရီ ၄**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ရန်ကုန်တိုင်းရှိ မြို့နယ်ဘဏ်ခွဲ ၁၂ခုမှ တောင်သူလယ်သမားများသို့ ထုတ်ပေးခဲ့သော ၂၀၀၆ခုနှစ် မိုးရာသီ ဘဏ်ချေးငွေကျပ် ၅၃၃၁ ဒသမ ၄၂၂ သန်းကို အပြည့်အဝ ပြန်လည်ကောက်ခံရရှိရေးအတွက် မှာကြားခြင်းအခမ်းအနားကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်) ပန်းဆိုးတန်းလမ်း၌ ဇန်နဝါရီ ၃ရက်ကကျင်းပရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်းတက်ရောက်၍ ဆွေးနွေးမှာကြားသည်။ အခမ်းအနားသို့ ရုံးချုပ် တိုင်းချေးငွေကြီးကြပ်တာဝန်ခံများ၊ တိုင်းမန်နေဂျာ ဦးဉာဏ်ဝင်း၊ မြို့နယ်မန်နေဂျာများနှင့် ကြီးကြပ်ရေးမှူးများ တက်ရောက်ကြကြောင်းသိရသည်။

ဦးဆောင်ညွှန်ကြားရေးမှူးက ချေးငွေများအပြည့်အဝ ပြန်လည်ကောက်ခံရရှိရေး၊ ဘဏ်ခွဲအလိုက် အသားတင်အမြတ်ငွေများ လျာထားချက်ထက် ကျော်လွန်စွာရရှိရေး၊ လယ်ယာ–၁၆ လက်တွန်းထွန်စက်ဝယ်ယူရန် ချေးငွေများကို လျာထားချက်ထက် ကျော်လွန်အောင် ထုတ်ချေးပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေးနှင့် တောင်သူလယ်သမားများ၏ လယ်ယာကုန်ထုတ်လုပ်မှု ပိုမိုတိုးတက်မြင့်မားလာရေးအတွက် ဘဏ်လုပ်ငန်းများဖြင့် ပံ့ပိုးဖြည့်ဆည်းပေးရေးတို့ကို မှာကြားခဲ့ကြောင်းသိရသည်။

(လယ်ယာဖွံ့ဖြိုးရေးဘဏ်)

# အင်တာနက် အားကစားသတင်းများ

## ချန်ပီယံဆုဖလားရရှိရန် မန်ယူအသင်းမျှော်လင့်

**လန်ဒန် ဇန်နဝါရီ ၄**

ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ချန်ပီယံဆုဖလားကို ချယ်လ်ဆီးအသင်း တတိယအကြိမ် ဆွတ်ခူးရယူနိုင်ခြင်း မရှိစေနိုင်သော လမ်းကြောင်းပေါ်တွင် မိမိ၏အသင်း ရောက်ရှိနေပြီဖြစ်ကြောင်း မန်ချက်စတာယူနိုက်တက်အသင်း၏ မန်နေဂျာဆာအဲလက်စ် ဖာဂူဆန်က ယနေ့ပြောကြားသည်။

ခရစ္စမတ်နှင့် နှစ်သစ်ကူးအခါသမယ ဘောလုံးပွဲစဉ်အပြီးတွင် မန်ချက်စတာယူနိုက်တက်အသင်းသည် ချယ်လ်ဆီးအသင်းထက် ခြောက်မှတ်အသာရရှိကာ အမှတ်ပေးဇယားတွင် ထိပ်ဆုံးမှ ရပ်တည်လျက်ရှိသည်။

လက်ရှိဘောလုံးရာသီ ဒုတိယပိုင်းတွင် ထိပ်ဆုံးမှ ဆက်လက်ရပ်တည်နေမည်ဟု မိမိမျှော်လင့်ကြောင်း ဖာဂူဆန်က ပြောကြားသည်။

ချယ်လ်ဆီးအသင်းမှ ဘောလုံးသမားများ ထိခိုက်ဒဏ်ရာရရှိထားရာ မိမိအသင်းမှာ ကံကြမ္မာ၏ မျက်နှာသာပေးမှုရရှိနေကြောင်း၊ ချယ်လ်ဆီးအသင်း၏ ကံကြမ္မာမှာ ပြောင်းလဲသွားနိုင်ကြောင်း ၎င်းက ပြောကြားသည်။

**အင်တာနက်**

## စီရော်နယ်ဒိုအားခေါ်ယူရန် ရီးယဲလ်မဒရစ်ကမ်းလှမ်း

**မဒရစ် ဇန်နဝါရီ ၄**

စပိန်နိုင်ငံမှ ရီးယဲလ်မဒရစ်အသင်းသည် မန်ချက်စတာယူနိုက်တက်အသင်း၏ တောင်ပံကစားသမား ခရစ္စတီယာနို ရော်နယ်ဒိုကို အသင်းပြောင်းရွှေ့ကြေး ယူရိုသန်း ၄၀ဖြင့် ခေါ်ယူရန် ကမ်းလှမ်းထားကြောင်း၊ ဇန်နဝါရီလ အသင်းပြောင်းရွှေ့ကာလအတွင်း ၎င်းနှင့်ကန်ထရိုက်စာချုပ်လက်မှတ်ထိုးနိုင်ရန် ရီးယဲလ်မဒရစ်အသင်းက ကြိုးပမ်းနေကြောင်း မဒရစ်အခြေစိုက် အေဘီစီနေ့စဉ်သတင်းစာက ယနေ့ရေးသားသည်။

သို့ရာတွင် အင်္ဂလိပ် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲတွင် ထိပ်ဆုံးမှရပ်တည်နေသည့် မန်ချက်စတာယူနိုက်တက်အသင်းသည် စီရော်နယ်ဒိုအား လက်လွှတ်မခံနိုင်ဟု ပြောကြားထားသည်။

စပိန် လာလီဂါဘောလုံးပြိုင်ပွဲတွင် ဘာစီလိုနာအသင်းကလည်း စီရော်နယ်ဒိုအားခေါ်ယူရန် လွန်ခဲ့သည့် ဘောလုံးရာသီကုန်ဆုံးချိန်ကတည်းက ကြိုးပမ်းခဲ့ကြောင်း ၎င်း၏ကိုယ်စားလှယ် ဂျော့ဂျ်မန်းဒက်စ်က အယ်လ်မွန်ဒိုဒီပေါ်တီဗိုသတင်းစာ၏ လူတွေ့မေးမြန်းခန်းတွင် ဖွင့်ဟပြောဆိုသည်။

**အင်တာနက်**

## ဝက်စ်ဟမ်းအသင်းမှ နုတ်ထွက်ရန် မာရှေးရာနိုလိုလား

**လန်ဒန် ဇန်နဝါရီ ၄**

အင်္ဂလိပ် ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲဝင် ဝက်စ်ဟမ်းအသင်းမှ မိမိ နုတ်ထွက်လိုပြီဖြစ်ကြောင်း အာဂျင်တီးနားလူမျိုး နိုင်ငံတကာဘောလုံးသမား ဟာဗီးယားမာရှေးရာနိုက ယနေ့ပြောကြားလိုက်သည်။

အသက် ၂၂နှစ်အရွယ်ရှိ မာရှေးရာနိုသည် အခြားလက်ရွေးစင်ဘောလုံးသမားတစ်ဦးဖြစ်သည့် ကာလို့စ်တီးဗက်ဇ်နှင့်အတူ ဩဂုတ် ၃၁ရက်က ဝက်စ်ဟမ်းအသင်းသို့ ရောက်ရှိလာသည်။

သို့ရာတွင် ကွင်းလယ်ကစားသမား မာရှေးရာနိုသည် ပြီးခဲ့သည့် အောက်တိုဘာ ၂၂ရက်က စပါးအသင်းကို ရှုံးနိမ့်ခဲ့ရသည့် ပွဲနောက်ပိုင်း ဝက်စ်ဟမ်း၏ပွဲများတွင် ခြောက်မိနစ်မျှသာ ပါဝင်ကစားခွင့်ရရှိခဲ့သည်။

ဝက်စ်ဟမ်းအသင်းနှင့် အပြည့်အဝဘောလုံးမကစားရဘဲရှိနေရသည့်ဘဝကို မိမိ မနှစ်မြို့တော့ကြောင်း မာရှေးရာနိုကပြောကြားသည်။ **အင်တာနက်**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၅–၁–၂၀၀၇ (သောကြာနေ့)**

**နံနက်ပိုင်း**

**၇:၀၀** ၁။ မြဝတီအဖွင့်
**၇:၀၅** ၂။ အဖွင့်သီချင်း
**၇:၁၀** ၃။ မျိုးချစ်တပ်မတော်
**၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
**၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
**၇:၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
**၇:၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
**၇:၅၅** ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
**၈:၁၀** ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
**၈:၁၆** ၁၂။ ပြီးပါပြီ။

**ညပိုင်း**

**၄:၀၀** ၁။ မြဝတီအဖွင့်
**၄:၀၅** ၂။ အဖွင့်သီချင်း
**၄:၁၀** ၃။ လက်စွမ်းပြပဟန်ဂီတသံ
**၄:၁၅** ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
**၄:၃၅** ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
**၄:၅၅** ၆။ မျိုးချစ်တပ်မတော်
**၅:၂၅** ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
**၅:၄၀** ၈။ သာယာသီကြွေးခေတ်ဆန်းတေး
**၆:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
**၆:၁၀** ၁၀။ နိုင်ငံတကာသတင်း
**၆:၂၀** ၁၁။ မိုးလေဝသသတင်း
**၆:၃၀** ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၆:၃၅** ၁၃။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
**၆:၄၀** ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
**၇:၀၀** ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကျေးတောသူ" (အပိုင်း–၁၇)**
**၈:၀၀** ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ စိုက်ပျိုးသုတ
၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရွှေမင်းသမီး" (ဒုတိယတွဲ) (အပိုင်း–၁၁)**
၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိတ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။

# ဂုဏ်ယူဝမ်းမြောက်ကြောင်း

နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်သည့် သာသနာတော်ဆိုင်ရာ **သီရိသုဓမ္မသင်္ဂီဘွဲ့**ကို ဒေါ်ထားထားနွယ် (ဒါရိုက်တာ) Kawasho Transport Co., Ltd. အား ချီးမြှင့်ခြင်းခံရသည့်အတွက် ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူပါကြောင်းနှင့် သာသနာအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

Kawasho Transport Co., Ltd.
**မိသားစု**

# ဂုဏ်ယူဝမ်းမြောက်ကြောင်း

နိုင်ငံတော်မှ ဂုဏ်ပြုချီးမြှင့်သည့် သာသနာတော်ဆိုင်ရာ **သီရိသုဓမ္မသင်္ဂီ**ဘွဲ့ကို ဒေါ်ထားထားနွယ်(ဒါရိုက်တာ)Kawasho Transport Co., Ltd အား ချီးမြှင့်ခြင်းခံရသည့်အတွက် ဝမ်းမြောက် ဝမ်းသာဂုဏ်ယူပါကြောင်းနှင့် သာသနာအကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Kawasho Transport Co., Ltd. **ရုံးအဖွဲ့**
**ကိုမြင့်စိုး၊ ကိုကျော်လွင်၊ ကိုအေးကျော်၊**
**ကိုထွန်းမြင့်၊ ကိုဇော်မြင့်၊ ကိုခင်မောင်ဝင်း၊**
**ကိုခင်မောင်ထွေး၊**
**မအိရွှေဇင်ဝင်း၊ မချိုချိုဝင်း၊ မသော်တာထွန်း**

# လှိုက်လှိုက်လှဲလှဲဂုဏ်ယူဝမ်းမြောက်ကြောင်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၇)ဖြင့် ဦးကိုကိုအေး [အုပ်ချုပ်မှုဒါရိုက်တာ၊ ဖြိုးစည်သူထရေးဒင်းကုမ္ပဏီလီမိတက်နှင့် အမျိုးသားဝေါက်သီးလေ့ကျင့်ရေး(မြန်မာ)လီမိတက်]အား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် **သီရိသုဓမ္မမဏိဇောတဓရ** ချီးမြှင့်အပ်နှင်းခြင်းကို ထိုက်ထိုက်တန်တန်ခံယူရရှိပါသဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နိုင်ငံအကျိုး၊ သာသနာအကျိုး ဆတက်ထမ်းပိုး သယ်ဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း အပ်ပါသည်။

**ဖခင် သီဟသုဓမ္မမဏိဇောတဓရ ဆင်မင်းဦးတင်ရွှေ-မိခင် ဒေါ်ကြည်ကြည်**
**ဆင်မင်းဆပ်ပြာစက်မိသားစု**
**အမှတ်(၁၀)၊ သီရိဂုဏ်ရည်ခြံ**
**ဗဟန်းမြို့နယ်။**




**(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ပန်းဘဲတန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင် ဖတ်ကြားစဉ်။** (ကြေးမုံ)

# ပဲခူးမြို့နယ် ဘဏ္ဍာကုန်းကျေးရွာ၌ လုယက်မှုဖြစ်ပွား တရားခံလေးဦးအား နာရီပိုင်းအတွင်း ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၄

**ပဲခူးတိုင်း ပဲခူးမြို့နယ် ဘဏ္ဍာကုန်းကျေးရွာ၌ ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၂၆ရက်တွင် လုယက်မှုတစ်ခုဖြစ်ပွားခဲ့ပြီး နာရီပိုင်းအတွင်း ပဲခူးမြို့ အမှတ်(၃)ရဲစခန်းက တရားခံလေးဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။**

အမှုဖြစ်စဉ်မှာ ပဲခူးမြို့ ဘဏ္ဍာကုန်းကျေးရွာနေ သဲရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူ ဦးဝင်းညွှန့်သည် မိသားစုနှင့်အတူ အိပ်နေစဉ် ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၂၆ရက် နံနက် ၁နာရီခွဲခန့်တွင် နေအိမ်ပေါ်သို့ လူလေးဦး တက်လာပြီး ပစ္စည်းများလုယက်ရန် ကြိုးစားကြကြောင်း၊ ဦးဝင်းညွှန့်တို့မိသားစုနိုးလာပြီး ပတ်ဝန်းကျင်သို့ အော်ဟစ်အကူအညီတောင်းခံခဲ့ရာ လုယက်သူများက ဓားဖြင့်ထိုးခဲ့သဖြင့် ဦးဝင်းညွှန့်နှင့် ဇနီးဒေါ်မာမာဝင်းတို့ ဓားဒဏ်ရာ အသီးသီးရရှိခဲ့ကြောင်း၊ ၎င်းတို့၏ အော်ဟစ်အကူအညီတောင်းခံမှုကြောင့် ပတ်ဝန်းကျင်ရှိ တာဝန်သိပြည်သူများက ဝိုင်းဝန်းဖမ်းဆီးကြသဖြင့် လုယက်သူလေးဦးအနက် လှည်းကူးမြို့နယ် ကျောက်အိုင်ကြီး ကျေးရွာနေ ကျပန်းလုပ်ကိုင်သူ စိန်ဟန်(၅၆)နှစ်အား ဖမ်းဆီးရမိခဲ့ကြောင်း၊ တရားခံ စိန်ဟန်အား စစ်ဆေး ဖော်ထုတ်ချက်အရ ယင်းနေ့နံနက် ၃နာရီတွင် ပဲခူးမြို့ ကျွန်းကလေးရွာနေ ခြံလုပ်သား မောင်ထွေး(ခ)နိုင်မင်း (၂၄)နှစ်၊ ခြံလုပ်သား သောင်းကျော်(ခ) အညာသား (၃၂)နှစ်နှင့် ကျပန်းလုပ်ကိုင်သူ မြသန်း(၂၅)နှစ်တို့ သုံးဦးအား ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ဓားဒဏ်ရာ ရရှိခဲ့သည့် ဦးဝင်းညွှန့်နှင့် ဇနီး ဒေါ်မာမာဝင်းတို့အား ပဲခူးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသပေးလျက်ရှိပြီး ပြစ်မှုကျူးလွန်သူ တရားခံလေးဦးတို့အား ပဲခူးမြို့နယ် အမှတ်(၃) ရဲစခန်းက ပြစ်မှုဆိုင်ရာပုဒ်မ ၄၅၉/၄၆၈/၃၉၄တို့ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မိုးကုတ်ဝိပဿနာ တရားစခန်းပွဲများ

**ရန်ကုန် ဇန်နဝါရီ ၄**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေစက်တော်ကျောင်း မိုးကုတ်ဝိပဿနာကမ္မဋ္ဌာနာစရိယ အရှင်သုန္ဒရနှင့် ဓမ္မကထိက ဆရာကြီး ဦးသန့်ဇင်(အဖွဲ့ချုပ်) တို့သည် ဇန်နဝါရီ ၅ရက်မှ ၁၁ရက်အထိ ကရင်ပြည်နယ် ဝင်းပုတ်(ဖန်ခါးကုန်း)၊ ဇန်နဝါရီ ၁၃ ရက်မှ ၁၇ ရက်အထိ ရေပူကြီးရွာ၊ ဇန်နဝါရီ ၁၉ရက်မှ ၂၅အထိ သလွဲတော်ရွာ၊ ဖေဖော်ဝါရီ ၆ရက်မှ ၁၂အထိ ဖာပွန်မြို့နယ် ကော့ကရက်ရွာ တို့တွင် ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း တရားစခန်းပွဲများ ကျင်းပမည်ဖြစ်သည်။ (က-ပ)








**(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က သဃ်န်းကျွန်းမြို့နယ် မြို့နယ်ခန်းမ၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လွင် ဖတ်ကြားစဉ်။** (၅၀၆)

# မြန်မာနိုင်ငံရဲတပ်ဖွဲ့ တောတွင်းခရီးကြမ်း အပြေးတက်ပြိုင်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၄**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ (၁၂)ကြိမ်မြောက် တောတွင်းခရီးကြမ်း ငါးမိုင် အပြေးတက်ပြိုင်ပွဲ ဖွင့်ပွဲကို ဒီဇင်ဘာ ၃၀ရက် နံနက် ၆နာရီတွင် အမှတ်(၁)ရဲတပ်ရင်း(လှော်ကား)နယ်မြေ၌ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်ကိုယ်စား ရဲတပ်ရင်းများ ကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ်သန်းဟန် တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါပြိုင်ပွဲသို့ ပြည်နယ်၊ တိုင်း၊ တပ်ရင်း၊ တပ်ဖွဲ့နှင့် လေ့ကျင့်ရေးကျောင်းတို့မှ ပြိုင်ပွဲဝင် အသင်း ၄၁သင်း၊ ပြိုင်ပွဲဝင် ၄၁၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်းနှင့် ပြိုင်ပွဲ၌ အမှတ်(၁၀) ရဲတပ်ရင်းအသင်းမှ စံချိန်မိနစ် ၅၀ဖြင့် ပထမ၊ စည်ပင်သာယာရဲတပ်ဖွဲ့အသင်းမှ စံချိန်မိနစ် ၅၀ စက္ကန့် ၃၀ဖြင့် ဒုတိယ၊ အမှတ်(၁) ရဲတပ်ရင်းအသင်းမှ စံချိန် ၅၂မိနစ်ဖြင့် တတိယ၊ အမှတ်(၆)ရဲတပ်ရင်းအသင်းမှ စံချိန် ၅၃မိနစ်ဖြင့် စတုတ္ထ၊ ရန်ကုန်တိုင်းရဲတပ်ဖွဲ့အသင်းမှ စံချိန် ၅၅မိနစ်ဖြင့် ပဉ္စမ အသီးသီးရရှိကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအကြီးအကဲများထံမှ သဝဏ်လွှာများပေးပို့

နေပြည်တော် ဇန်နဝါရီ ၄

**ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ လည်းကောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့ လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ အကြီးအကဲများနှင့် ဝန်ကြီးချုပ်များက လွတ်လပ်ရေးနေ့သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။**

### အိန္ဒိယ

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စတာ အေ၊ပီ၊ဂျေ အဗ္ဗဒူလ်ကလမ်ထံမှ ပေးပို့သောသဝဏ်လွှာတွင် အိန္ဒိယ ပြည်သူများနှင့် အစိုးရအဖွဲ့ကိုယ်စားလည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ ၂၀၀၆ ခုနှစ် မတ်လတွင် အဆွေတော်၏နိုင်ငံသို့ မိမိလာရောက်သည့် ချစ်ကြည်ရေးခရီးစဉ်ကို ကောင်းစွာမှတ်မိနေဆဲဖြစ်ကြောင်း၊ နှစ်နိုင်ငံ အပြန်အလှန် အကျိုးစီးပွားမြှင့်တင်နိုင်ရေးအတွက် နိုင်ငံရေးနှင့် စီးပွားရေးဆက်ဆံမှု တိုးတက်မြင့်မားလာနေသည့်အတွက် မိမိ နှစ်ထောင်းအားရ ဖြစ်မိပါကြောင်း၊ အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေရန် ဆုတောင်းအပ်ပါကြောင်း ဖော်ပြသည်။

အလားတူသဝဏ်လွှာကို အိန္ဒိယဝန်ကြီးချုပ် မစ္စတာ မန်မိုဟန်ဆင်းထံမှ ပေးပို့သည်။ **စာမျက်နှာ ၈ ကော်လံ ၃ သို့ ✳**

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

✳ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

### အလံတင်အခမ်းအနား

**၂၀၀၇ ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော် အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကို နေပြည်တော်ရှိ မြို့တော်ခန်းမရှေ့ ရင်ပြင်၌ ကျင်းပစဉ်။** (သတင်းစဉ်)



### သာယာမည်

**နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။**

# ၂၀၀၇ ခုနှစ် (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံအလေးပြုပွဲ နေပြည်တော်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၄

**နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲလက်တွဲ ပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသား အားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး၊ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်ရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေးတည်းဟူသော အမျိုးသားရေးဦးတည်ချက် လေးရပ်နှင့်အညီ အနှစ်သာရ ပြည့်ဝစွာ ကျင်းပသည့် ၂၀၀၇ ခုနှစ် (၅၉)နှစ်မြောက်လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင် အခမ်းအနားနှင့် နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြို့တော်ခန်းမရှေ့ရင်ပြင်၌ကျင်းပရာ ပြည်သူလူထု စုစုပေါင်းအင်အား ၈၀၀၀ ကျော်တို့ တက်ရောက်ကြသည်။**

အဆိုပါ အခမ်းအနားသို့ တက်ရောက်လာကြသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ ဝန်ကြီးချုပ်ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးနှင့် ဝန်ကြီးဌာန အသီးသီးတို့မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပျဉ်းမနား ခရိုင်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် တပ်ကုန်းမြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများသည် **စာမျက်နှာ ၈ ကော်လံ ၁ သို့ ❁**

